ကြေးမုံ
The Mirror

၁၃၆၅ခုနှစ်၊ ဝါခေါင်လဆန်း ၅ရက်၊ စနေနေ့၊ (2-8-2003) (၃၉၅၀)

နိဗ္ဗာန သစ္ဆိကိရိယာ စ တေံ မင်္ဂလ မုတ္တမံ။

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ ပုသိမ်မြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

လက်ရှိ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေအရ နိုင်ငံတော် လက်ရှိလူဦးရေအတွက် စားနပ်ရိက္ခာပိုလျှံ

၂၀၀၃–၂၀၀၄ခုနှစ်တွင် စပါးတင်း သန်း ၁၂၀၀ ထွက်ရှိအောင် ဖိဖိစီးစီး တွန်းအားပေးလုပ်ကိုင်နေ

ဆန်စပါးရောင်းဝယ်ရေးမူဝါဒသစ် ချမှတ်လိုက်သည့်အတွက် အားကြိုးမာန်တက် တိုးချဲ့စိုက်ပျိုးလျက်ရှိ

ရန်ကုန် သြဂုတ် ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇူလိုင် ၂၉ရက် မွန်းတည့် ၁၂နာရီတွင် ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်း မအူပင်မြို့မှ မြောင်းမြမြို့သို့ရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းဦးစီး ဗိုလ်မှူးကြီး ဗိုလ်မှူးကြီးတင့်ဆွေ၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆွမ်းဆန်တော်လှူဒါန်းပွဲ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့ သာသနာ့ဗိမာန်၌ ကျင်းပသည့် မြောင်းမြမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ဆွမ်းဆန်တော် လှူဒါန်းပွဲ အခမ်းအနားသို့ ဇေယျမေဒနီ စာသင်တိုက် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မပီယ အမှူးပြုသည့် ကျောင်းတိုက်များမှ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

ယနေ့ထုတ်

စောင်ရေ

၂၂၄၇၁၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂-၈-၂၀၀၃
(စနေနေ့)

ရင်သွေးငယ်များ အာဟာရပြည့်ဝစေရေး မိခင်နို့ချိုစနစ်တကျ တိုက်ကျွေး

ယနေ့ကာလသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က ဦးထမ်းပဲ့ထမ်း ပါဝင်ကြိုးပမ်းတည်ဆောက်နေသော အချိန်အခါဖြစ်သည်။

နိုင်ငံတော်က နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ်ပြီး စီမံဆောင်ရွက်ပေးလျက်ရှိသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုရှိပြီး ပညာရည် မြင့်မားမှသာ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က မွေးကင်းစအရွယ်မှစ၍ သက်ကြီးရွယ်အိုအထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

မိခင်နှင့်ကလေးများသည် လူ့ဘောင်အဖွဲ့အစည်း၏ အခြေခံအကျဆုံးဖြစ်သကဲ့သို့ နိုင်ငံတော်၏လူဦးရေတွင် ထုထည်ကြီးမားသည့် ပမာဏဖြင့် ပါဝင်လျက်ရှိသည်။ မိခင်နှင့်ကလေးများကို စောင့်ရှောက်ခြင်းသည် လုပ်ငန်းသဘာဝအရ မရှိမဖြစ်လိုအပ်နေသည့် လူမှုရေးအစိတ်အပိုင်းတစ်ရပ်လည်းဖြစ်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို ဖွဲ့စည်း၍ ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ၂၀၀၃ခုနှစ် ဩဂုတ်လ ၁ရက်နေ့မှ ၇ရက်နေ့အထိကို ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားသည်။ **နို့ချိုတိုက်ကျွေး၊ ကမ္ဘာ့ရင်သွေး ငြိမ်းအေးမျှတ ကလေးသူငယ်ဘဝ** ဟူသည့်ဆောင်ပုဒ်ကို ထုတ်ပြန်ထားသည်။ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ပညာပေးဟောပြော လှုပ်ရှားဆောင်ရွက်မှုများ၊ မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ကျင်းပကြမည်ဖြစ်သည်။

ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရာတွင် မိခင်နို့ချိုတိုက်ကျွေးရေးသည် မရှိမဖြစ်လိုအပ်သော အခြေခံကိစ္စတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် ကလေးသူငယ်များအား မွေးကင်းစအရွယ်မှစ၍ မိခင်နို့ချိုတိုက်ကျွေးရေးအတွက် ကမ္ဘာ့မိခင်နို့ချို တိုက်ကျွေးရေး ကျန်းမာရေးပညာပေးမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာကြခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင်မိခင်များက မိမိတို့၏ ရင်သွေးငယ်များအား နို့ချိုတိုက်ကျွေးကြသည့် အလေ့အထကို ခေတ်အဆက်ဆက်တွင် ထိန်းသိမ်းကျင့်သုံးလာခဲ့ကြသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်ကပင် မိခင်နို့သည်သာ အကောင်းဆုံးဟူ၍ ကြွေးကြော်ဆောင်ရွက်လာသော အစဉ်အလာရှိခဲ့သည်။

မြန်မာမှုနယ်ပယ်တွင် မိခင်နို့ချိုသည် ကလေးငယ်များအတွက် အာဟာရသာမက ၅၂၈ သွယ်သော မေတ္တာတို့စီးဆင်းရာ လမ်းကြောင်းလည်းဖြစ်ပေသည်။ ကလေးငယ်အတွက် မိခင်ရင်ငွေ့ကို ခိုလှုံပြီး လုံခြုံမှု၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှု တို့ကို ရရှိစေသည်။ ယင်းသို့သော ရှေးရိုးအယူအဆများသည် ခေတ်ပေါ်သိပ္ပံနည်းများဖြင့် ဆန်းစစ်သည့်အခါတွင်လည်း မှန်ကန်ကြောင်း တွေ့ရှိလာကြသည်။ ယခုအခါ ကမ္ဘာတစ်ဝန်းလုံးတွင် မိခင်နို့ချိုတိုက်ကျွေးရေးကို ပိုမိုအလေးထားဆောင်ရွက်လာကြကြောင်း တွေ့ရှိရသည်။

မိခင်များအနေဖြင့် မိမိတို့ရင်သွေးငယ်များကို မိခင်နို့ချိုတိုက်ကျွေးရာတွင် သန့်သန့်ရှင်းရှင်းဖြင့် စနစ်တကျတိုက်ကျွေးကြရန် လိုအပ်သည်။ မိခင်နို့စနစ်တကျ တိုက်ကျွေးမှု၏ အကျိုးကျေးဇူးကို မွေးကင်းစကလေးအရွယ်မှစ၍ အပြည့်အဝ ရရှိစေရန် မိခင်တိုင်းက ရာနှုန်းပြည့် စနစ်တကျ တိုက်ကျွေးလာစေရေး စည်းရုံးပညာပေးကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် မိခင်နှင့်ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာကျန်းမာရေးဌာနများသာမက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း စသည့်လူမှုရေးအသင်းအဖွဲ့များကလည်း ပူးပေါင်းပါဝင် ကူညီလျက်ရှိကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက နှစ်စဉ်ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ရောက်ရှိတိုင်း မြို့နယ်အလိုက် မိခင်နို့ချိုတိုက်ကျွေးရေး လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားများကျင်းပ၍ မိခင်နို့ချို စနစ်တကျတိုက်ကျွေးရေး စည်းရုံးလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မိခင်တိုင်းက မိမိတို့၏ ရင်သွေးငယ်များအတွက် အာဟာရပြည့်ဝစေမည့် မိခင်နို့ချိုတိုက်ကျွေးရေးလုပ်ငန်းများကို ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုများမှသည် အစဉ်အဆက်စနစ်တကျရာနှုန်းပြည့် တိုက်ကျွေးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့်မြို့နယ် အသိအမှတ်ဂုဏ်ပြု ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မိခင်နို့စနစ်တကျ တိုက်ကျွေးသောဆေးရုံနှင့် မြို့နယ်အဖြစ် အသိအမှတ်ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက် ချီးမြှင့်၍ အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆု ချီးမြှင့်

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မိခင်နို့ စနစ်တကျ တိုက်ကျွေးသော ဆေးရုံနှင့် မြို့နယ်အဖြစ် အသိအမှတ် ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဂုဏ်ပြုဆုရ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ သူနာပြုများ၊ ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများနှင့်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့် မြို့နယ်အဖြစ် အသိအမှတ်ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Corroll Long က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာကျော်မြင့်က မိခင်နို့စနစ်တကျ တိုက်ကျွေးသော ဆေးရုံအဖြစ် အသိအမှတ်ဂုဏ်ပြုဆုရ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်း (အရှေ့ပိုင်း) ရွှေကျင်မြို့နယ်ဆေးရုံ၊ စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ညောင်ဖြူတိုက်နယ်ဆေးရုံနှင့် ချောင်းဦးမြို့နယ် အမြင့်တိုက်နယ်ဆေးရုံတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆုများချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီးဒေါက်တာမြဦးက မိခင်နို့စနစ်တကျ တိုက်ကျွေးသော ဆေးရုံအဖြစ် အသိအမှတ်ဂုဏ်ပြုဆုရ တနင်္သာရီတိုင်း ပုလောမြို့နယ်ဆေးရုံနှင့် ကျွန်းစုမြို့နယ်ဆေးရုံ၊ ပဲခူးတိုင်း (အရှေ့ပိုင်း) ထန်းတပင်မြို့နယ် ဇရပ်ကြီးတိုက်နယ်ဆေးရုံတို့မှ တာဝန်ရှိသူတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မိခင်နို့ စနစ်တကျ တိုက်ကျွေးသော ဆေးရုံအဖြစ် အသိအမှတ်ဂုဏ်ပြုဆုရ ပဲခူးတိုင်း(အရှေ့ပိုင်း) ဖြူးမြို့နယ်မှ ဇေယျဝတီတိုက်နယ်ဆေးရုံနှင့် ကညွှတ်ကွင်းတိုက်နယ်ဆေးရုံ၊ ကျောက်တံခါးမြို့နယ် ဖဒိုတိုက်နယ်ဆေးရုံတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ယင်းနောက် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)ဌာနေကိုယ်စားလှယ် Ms. Corroll Long နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ Dr. Stephan Jost တို့က မိခင်နို့စနစ်တကျ တိုက်ကျွေးသော ဆေးရုံအဖြစ် အသိအမှတ်ပြုဂုဏ်ပြုဆုရ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်း (အရှေ့ပိုင်း)တို့ရှိ တိုက်နယ်ဆေးရုံတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် မိခင်နို့စနစ်တကျ တိုက်ကျွေးသော မြို့နယ်အဖြစ် အသိအမှတ်ဂုဏ်ပြုဆုရရှိသည့် မြို့နယ်များမှ သူနာပြု၊ အမျိုးသမီးကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများနှင့် ကိုယ်စားလှယ်များအား ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝမ်းမောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

အောင်ဘာလေထီ ကံထူးရှင်များ

ရန်ကုန် ဩဂုတ် ၁

(၁၇၅)ကြိမ်မြောက် ကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၃၀၀ အထူးဆု

ပ-၇၀၂၆၉၀

ကျပ်သိန်း ၅၀ ဆု

ဠ-၂၄၁၇၁၅
ဆ-၇၀၉၃၅၅
သ-၃၆၃၇၃၄
ဠ-၃၆၇၈၉၄
အ-၆၂၀၅၃၉
ရ-၅၅၁၀၆၃
ရ-၂၂၉၈၇၉
ရ-၈၀၅၄၄၅
င-၆၀၈၃၄၃
ဂ-၅၅၉၂၈၇

ကျပ် ၂၅ သိန်းဆု

ယ-၃၈၉၇၃၃
ဗ-၆၅၄၆၀၄
ယ-၆၆၆၅၇၆
ဋ-၆၃၀၈၆၈
ကက-၃၅၀၃၄၄
က-၂၈၀၁၈၉
ရ-၇၆၄၃၄၉
ဇ-၈၇၇၃၈၉
ဃ-၆၂၄၄၇၅
ဠ-၉၈၇၅၈၂
ဋ-၇၈၅၄၃၃
ဍ-၈၆၈၄၃၅

ကျပ်သိန်း ၅၀ ယူနစ်(မင်္ဂလာစုံတွဲ)

စ-၇၂၂၃၈၁
င-၅၃၄၂၈၉
ဗ-၇၀၆၇၀၄
ထ-၉၈၈၉၀၅
ဆ-၉၉၅၀၄၄
ဖ-၇၀၅၁၄၅
ဗ-၇၇၈၇၈၈
က-၆၈၉၃၂၉
သ-၉၈၀၈၇၉
ဍ-၈၁၅၀၆၈
ဘ-၈၄၅၄၃၀
လ-၄၇၁၇၄၀
ဟ-၃၈၈၉၄၅
ဠ-၁၃၂၇၆၃
ဘ-၄၄၆၈၂၄
ခ-၅၂၇၁၃၄
ယ-၄၃၄၆၄၃
ဍ-၄၄၀၄၆၈
ကခ-၅၁၆၇၄၂

အီရတ်၌ လုံခြုံမှုထိန်းသိမ်းရေး ကုလသမဂ္ဂအခွင့်အာဏာ လိုအပ် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအများအပြား၏ဆန္ဒ ကိုဖီအာနန် ထုတ်ဖော်

ကုလသမဂ္ဂ ဇူလိုင် ၃၁

အီရတ်နိုင်ငံတွင် လုံခြုံရေးတည်ဆောက်နိုင်ရေးအတွက် ကုလသမဂ္ဂဆုံးဖြတ်ချက်သစ်တစ်ရပ် ပေါ်ထွန်းလာရန် မိမိလိုလားကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ ကုလသမဂ္ဂ အကြီးအကဲနည်းတူ ကမ္ဘာ့နိုင်ငံအများအပြားသည် ကုလသမဂ္ဂအခွင့်အာဏာဖြင့်ဆောင်ရွက်သော ငြိမ်းချမ်းရေးထိန်းသိမ်းမှု ဖြစ်ပေါ်လာရန် လိုလားလျက်ရှိကြသည်။

ပြဿနာပေါင်းစုံ

အီရတ်နိုင်ငံအား စစ်ရေးအရ အရေးယူရေးကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် သဘောထားကွဲလွဲမှုများ အကြီးအကျယ်ဖြစ်ပေါ်ခဲ့ပြီးနောက် လေးလအကြာတွင် အီရတ်နိုင်ငံရောက် အမေရိကန်စစ်သည်များသည် ပြောက်ကျားစစ်ပွဲပုံစံ ခုခံတိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရပြီး လုံခြုံရေးကောင်းမွန်စေရေးနှင့် အခြေခံဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးတို့အတွက် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က ဆောင်ရွက်ရာတွင် ပြဿနာပေါင်းမျိုးစုံနှင့် ရင်ဆိုင်နေရသည်။

ပတ်သက်နေဆဲ

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့သည် အီရတ်တွင် ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့် အားလျော်စွာ အီရတ်နိုင်ငံ၌ လုံခြုံရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်စေရေးဆောင်ရွက်ရာတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ရယူရန် အမေရိကန်အစိုးရက လိုလားသော်လည်း အမေရိကန်တာဝန်ရှိသူအချို့ကမူ ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ပစ်ပယ်နေဆဲဖြစ်သည်။

တရားဝင်ခွင့်ပြုချက်

အီရတ်နိုင်ငံတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ကြရာ ကုလသမဂ္ဂ၏ တရားဝင်ခွင့်ပြုချက်ရှိရန် လိုအပ်သည်ဟု ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချို့က ပြောဆိုလျက်ရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ကိုဖီအာနန်က ပြောကြားသည်။ ကုလသမဂ္ဂ၏ ခွင့်ပြုချက်မရှိပါက ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်ရန် မိမိတို့၏ တပ်ဖွဲ့များအား စေလွှတ်နိုင်မည် မဟုတ်ဟု ဇူလိုင်လအစောပိုင်းက ပြင်သစ်၊ ဂျာမနီနှင့် အိန္ဒိယနိုင်ငံတို့က ပြောကြားခဲ့ကြသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်နှင့် ဇူလိုင် ၁၆ ရက်က ဝါရှင်တန်တွင် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ကုလသမဂ္ဂ ဆုံးဖြတ်ချက်သစ်တစ်ရပ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **အင်တာနက်။**



ဇူလိုင် ၃၀ ရက်က ဖော်လူဂျာမြို့တွင် ဆက်ဒမ်ဟူစိန်အား ရှာဖွေနေကြသည့် အမေရိကန်တပ်သားများက နေအိမ်ကို စီးနင်းဝင်ရောက်ရာ၌ ဖျက်ဆီးခဲ့သော အပျက်အစီးများပေါ်တွင်ထိုင်ကာ စိတ်ပျက်လက်ပျက်ဖြစ်နေသည့် လူမျိုးစုခေါင်းဆောင် ယွန်နစ်အယ်အီရာဆန်အား တွေ့ရစဉ်။ အမေရိကန်တင့်ကားများက ၎င်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ကြသော်လည်း ဘာမျှမတွေ့ရှိခဲ့ချေ။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

အီရတ်စစ်ပြေးဒုက္ခသည်များ ဌာနေပြန် ကူဝိတ်မှတစ်ဆင့် ဘာဆရာသို့ သွားရောက်မည်

ကိုင်ရို ဇူလိုင် ၃၁

အီရတ်နိုင်ငံမှ စစ်ပြေးဒုက္ခသည်များသည် ၎င်းတို့၏ နေရင်းဒေသများသို့ စတင်ပြန်နေကြပြီဖြစ်သည်။ အီရတ်လူမျိုး ဒုက္ခသည်များ လိုက်ပါလာသည့် ပထမဆုံးသော စစ်မော်တော်ယာဉ်တန်းသည် ဆော်ဒီအာရေဗျနိုင်ငံရှိ ဒုက္ခသည် စခန်းတစ်ခုမှနေ၍ အင်္ဂါနေ့တွင် ထွက်ခွာသွားကြောင်း အီဂျစ်နိုင်ငံ ကိုင်ရိုမှရရှိသောသတင်းများ၌ ဖော်ပြသည်။

မျှော်လင့်ချက်မေးမှိန်

အီရတ်လူမျိုး ဒုက္ခသည်အချို့မှာ ၎င်းတို့၏နေအိမ်များသို့ ပြန်သွားရန်နှင့် ၎င်းတို့၏မိသားစုများနှင့် ပြန်လည်ပေါင်းစည်းရန် မျှော်လင့်ချက်မေးမှိန်နေကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်အိပ်ချ်စီအာ)မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသော ပထမအသုတ် မော်တော်ယာဉ်တန်းတွင် လူ ၂၄၀ ကျော် ပါဝင်ပြီး ၎င်းတို့အနက် အများစုမှာ အမျိုးသားများဖြစ်ကြကြောင်း ပြောရေးဆိုခွင့်ရှိသူ ခရစ်ဂျာနောင်စကီးက ပြောကြားသည်။ ဆော်ဒီအာရေဗျနိုင်ငံရှိ ရာဖာဒုက္ခသည်စခန်းမှနေ၍ ဌာနေသို့ ပြန်လည်ထွက်ခွာလာသော အီရတ်လူမျိုးဒုက္ခသည်များသည် ပြင်းထန်သော နေ့ခင်းအပူချိန်ကို ရှောင်လွှဲနိုင်စေရန် ညဘက်တွင် ခရီးထွက်ခွာခဲ့ကြကြောင်း၊ ၎င်းတို့သည် ကူဝိတ်နိုင်ငံမှတစ်ဆင့် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့သို့ သွားရောက်မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံရှိ ရာဖာဒုက္ခသည်စခန်းတွင် ယခုအချိန်အထိ ဒုက္ခသည် ၅၂၀၀ ရှိနေဆဲဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ။**

အီရတ်သို့ တူရကီတပ်စေလွှတ်ရန် ကုလသမဂ္ဂဆုံးဖြတ်ချက် စောင့်ဆိုင်းနေ

အန်ကာရာ ဇူလိုင် ၃၁

ကုလသမဂ္ဂက ဆုံးဖြတ်ချက်တစ်ရပ်အတည်ပြုချမှတ်ခြင်း မပြုသမျှ အီရတ်ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်သို့ တူရကီတပ်များစေလွှတ်ရေးကို ဆန့်ကျင်ကြောင်း တူရကီသမ္မတ အာမက်နေဒက်ဆေဇာက ပြောကြားလိုက်သည်ဟု ပိုစတာသတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြလိုက်သည်။

မလုံလောက်

ငြိမ်းချမ်းရေးတပ်စေလွှတ်ရေးတွင် နေတိုး၏ဆုံးဖြတ်ချက်ဖြင့် မလုံလောက်ကြောင်း၊ နိုင်ငံတကာ အသိအမှတ်ပြုပြီး တရားဝင်ဖြစ်စေရန် ကုလသမဂ္ဂဆုံးဖြတ်ချက်တစ်ရပ် လိုအပ်ကြောင်း တူရကီသမ္မတ ဆေဇာက ပြောဆိုသည်။

ထိုအတောအတွင်း တူရကီစစ်ဦးစီးချုပ် ဟီလ်မီအောက်မော့ကလည်း ပါလီမန်၏ အတည်ပြုချက်မရဘဲ တူရကီတပ်များကို အီရတ်သို့စေလွှတ်၍ မဖြစ်နိုင်ကြောင်း ပြောကြားလိုက်သည်။

တူရကီဝန်ကြီးချုပ် တေယစ်အာဒိုရန်နှင့် တံခါးပိတ်တွေ့ဆုံ ဆွေးနွေးစဉ် တူရကီစစ်ဦးစီးချုပ်က ယင်းကိစ္စတွင် အခြေခံအားဖြင့် ပါလီမန်ဆုံးဖြတ်ချက်ရယူရမည်ဖြစ်ကြောင်း၊ ယင်းနောက် တူရကီလက်နက်ကိုင်တပ်ဖွဲ့အား နိုင်ငံရေးညွှန်ကြားချက်ပေးရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

အသံသွင်းတိပ်ခွေပါ အသံ ဆက်ဒမ်ဟူစိန်အသံနှင့် များစွာတူ

ဝါရှင်တန် ဇူလိုင် ၃၁

ယခုရက်သတ္တပတ်အတွင်း ဒူဘိုင်းရှိ အယ်အာရေဘီယာ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့် ကြေညာသည့် အသံသွင်း တိပ်ခွေမှ အသံမှာ ဆက်ဒမ်ဟူစိန်၏ အသံနှင့် များစွာ တူညီနေကြောင်း ဆန်းစစ် တွေ့ရှိရသည်ဟု စီအိုင်အေ အရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ အဆိုပါ အသံသွင်း တိပ်ခွေတွင် လွှင့်ခဲ့သည့် ရက်သတ္တပတ်က အမေရိကန် တပ်သားများ တိုက်ခိုက်ရာတွင်သေဆုံးခဲ့ရသော သူ၏သားများ ဖြစ်သည့် အုဒေးနှင့် ကူဆေးတို့မှာ သူရဲကောင်းများ၊ အာဇာနည်များအဖြစ် သေဆုံးသွားခြင်းဖြစ်ကြောင်း ဆက်ဒမ်ဟူစိန်က ကြေညာလိုက်သည်။

ထို့ပြင် အမေရိကန်တို့ လက်မြောက်အရှုံး ပေး သွား အောင် ဆက်လက် တိုက်ပွဲဝင် လက်တုံ့ ပြန်သွားမည်ဟု ၎င်းက သန္နိဋ္ဌာန်ချထားကြောင်း သမ္မတဟောင်း ဆက်ဒမ်ဟူစိန်က ကြေညာလိုက်သည်။

အမ်အင်အေ၊ ရိုက်တာ။

ဇူလိုင် ၂၉ ရက်က တရုတ်ပြည်အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ဟာဘင်မြို့ရှိ ရဲခွေးလေ့ကျင့်ရေးစခန်းတွင် ရဲအရာရှိတစ်ဦးက ရဲခွေးတစ်ကောင်ကို မီးကွင်းခုန်လေ့ကျင့်ပေးနေစဉ်။ (တရုတ်ပြည်သည် မူးယစ်ဆေးဝါးဖမ်းဆီးရှာဖွေရန်နှင့် လက်နက်များရှာဖွေရာတွင် အသုံးချရန် မကြာသေးမီက ရဲခွေးအမျိုးအစား ၃၀ ကျော်ကို တင်သွင်းခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုနိုင်ငံရှိ စက်ရုံတစ်ရုံတွင် ဖောက်စ်ဝယ်ဂွန် ဘီတဲလ်များ ထုတ်လုပ်မှုသည် ဇူလိုင် ၃၀ ရက်က ပြီးဆုံးသွားပြီဖြစ်သည်။

ဖောက်စ်ဝယ်ဂွန် ကားများကို ဂျာမနီနိုင်ငံက စတင်ထုတ်လုပ်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ် ကာလများတွင် လူသိများထင်ရှားလာသည်။

(ပုံတွင် မက္ကဆီကိုနိုင်ငံရှိ ဖောက်စ်ဝယ်ဂွန် ပြူဘလာစက်ရုံမှ နောက်ဆုံးထုတ်လုပ်လိုက်သည့်ကားကို တွေ့ရစဉ်။ အဆိုပါကားကို ဂျာမနီနိုင်ငံ ဝုဖ်စဘတ်ဂ်မြို့ရှိ ပြတိုက်တစ်ခုသို့ ပေးပို့မည် ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်ဒုက္ခသည်များ ဌာနေပြန်ရေး ကုလသမဂ္ဂ ကူညီ

ကုလသမဂ္ဂ ဇူလိုင် ၃၁

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်အိပ်ချ်စီအာ)သည် ယခုနှစ် ယခုအချိန်အထိ အာဖဂန်ဒုက္ခသည် သုံးသိန်းကျော်အား ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှနေ၍ ဌာနေပြန်ရေးကို အကူအညီပေးခဲ့ကြောင်း၊ သို့ရာတွင် ယမန်နှစ်က ဌာနေပြန်ကြသည့် အာဖဂန်ဒုက္ခသည် အရေအတွက်ထက် များစွာလျော့နည်းကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် ကုလသမဂ္ဂသတင်းလွှာတွင် ဖော်ပြထားသည်။

သုံးသိန်းခွဲကျော်

တစ်ချိန်တည်းမှာပင် နှင်ထုတ်ခံရသူများ အပါအဝင် ယခုနှစ်အစတွင် အဆိုပါ နှစ်နိုင်ငံ၌ ရှိသည်ဟု ခန့်မှန်းရသည့် အာဖဂန်ဒုက္ခသည် ၂ ဒသမ ၃ သန်းအနက် သုံးသိန်းခွဲကျော်မှာ ဌာနေသို့ ပြန်လည်ရောက်ရှိလာကြောင်း ယူအင်အိပ်ချ်စီအာ ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်သည့် သတင်းလွှာတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ဖော်လူဂျာတွင် အမေရိကန်တင့်ကားကို ဒုံးကန်အားသုံးဗုံးဖြင့် တိုက်ခိုက် ကလေးဆေးရုံ၌ စောင့်ကြပ်နေသော အမေရိကန်စစ်သည်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၃၁

တိုက်ခိုက်မှုထူပြောသော ဖော်လူဂျာမြို့၏ အနောက်ဘက်မြို့စွန်ဒေသတွင် အမေရိကန်တင့်ကားတစ်စီးကို ဒုံးကန်အားသုံးဗုံးဖြင့် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်ဟု မျက်မြင်သက်သေများက ဆိုသည်။ ထိုမြို့သည် ဘဂ္ဂဒက်အနောက်ဘက် မိုင် ၃၀ အကွာတွင်တည်ရှိသည်။

တိုက်ဂရစ်မြစ်၏ အနောက်ဘက်တွင် ဖြစ်ပွားသော အထက်ပါတိုက်ခိုက်မှုကြောင့် အပျက်အစီးအနည်းငယ်သာ ဖြစ်ပေါ်သည်ဟုယူဆရသည်။ သို့သော် အသေအပျောက် အထိအရှ ဦးရေကို မသိကြဟုဆိုသည်။

ဇူလိုင် ၂၅ရက် စနေနေ့ကဘာကူဘာမြို့ ကလေးဆေးရုံတွင် အစောင့်ကျနေသော အမေရိကန်စစ်သား သုံးဦးသည် လက်ပစ်ဗုံးဖြင့် အတိုက်ခံရသဖြင့် သေဆုံးသွားခဲ့သည်။

ယခုအခါ ထိုဆေးရုံ ပြည်ပတွင် အစောင့်ချထားသော အမေရိကန်တပ်ဖွဲ့များကိုပြန်လည် ရုပ်သိမ်းလိုက်သည်။ ဘာကူဘာမြို့သည် ဘဂ္ဂဒက်အနောက်မြောက်ဘက် မိုင် ၄၀ အကွာတွင် တည်ရှိသည်။

အစားထိုး အစောင့်ချ

အမေရိကန်စစ်ဘက်က ဆေးရုံညွှန်ကြားရေးမှူးကို ၎င်း၏စစ်သည်များ အစောင့်ချထားရန် မလုံခြုံဟု ယူဆသဖြင့်အီရတ်တပ်ဖွဲ့ဝင်များနှင့်အစားထိုး အစောင့်ချထားရန် စီစဉ်သည်ဟု အသိပေး ပြောကြားခဲ့သည်ဟုဆိုသည်။

တနင်္ဂနွေနေ့က အထွေထွေရောဂါကုဆေးရုံတွင် အစောင့်တာဝန်ကျနေသော အမေရိကန် တင့်ကားကို ဒုံးကန်အားသုံး လက်ပစ်ဗုံးတစ်လုံး ထိမှန်ခဲ့သည်။

ပြောကြား

ဗုဒ္ဓဟူးနေ့ညကလည်း မြို့ပြင်ရှိ အမေရိကန်လေတပ် အခြေစိုက်စခန်းတွင်းသို့ မော်တာဗုံးသီးဖြင့် ပစ်ခွင်းခံခဲ့ရသဖြင့် အချက် ၁၅ ချက်မှ အချက် ၅၀ အထိစခန်းမှ ပြန်လည် ပစ်ခတ်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။ ယခုအခါ မော်တာဖြင့်ပစ်ခတ်မှုမှာ အဆန်းမဟုတ်တော့ဘဲ နေ့စဉ်ကိစ္စလို ဖြစ်နေသည်။

ဝေဖန်ပြောကြား

အမေရိကန်စစ်ဘက်က ဖော်လူဂျာမြို့နှင့် ဘာကူဘာမြို့များတွင် ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်များနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်း မရှိသေးပေ။

အင်္ဂါနေ့ ညနေ ၄ နာရီက မိုဆိုးလ်မြို့မြောက်ဘက်တွင် မော်တာဖြင့် နှစ်ချက် အပစ်ခံရရာ အမှိုက်သိမ်းယာဉ်တစ်စီးပျက်စီးသွားသည်။

ဖော်လူဂျာနှင့်ဘာကူဘာမြို့များသည် အီရတ်နိုင်ငံ အလယ်ပိုင်း ဆွန်နီတြိဂံဟုခေါ်တွင်သော အရပ်တွင် တည်ရှိသည်။ ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်အား ထောက်ခံမှု အားကောင်းရာ ဒေသလည်းဖြစ်သည်။

အင်တာနက်။

ဇူလိုင် ၃၀ ရက်က ဘဂ္ဂဒက်မြို့တွင် ဆန္ဒပြပွဲတစ်ခုကို နှိမ်နင်းပြီးနောက် အရိပ်အောက်တွင် နားခိုနေခိုက်မှာပင် ပစ္စတိုတစ်လက်ကို အသင့်အနေအထား ကိုင်ဆောင်ထားသည့် အမေရိကန်တပ်သားတစ်ဦးကို တွေ့ရစဉ်။ (အီရတ်ပြည်သူများ၏ မကျေမနပ်ဖြစ်နေမှုအား ကိုင်တွယ်ဖြေရှင်းနေရသည်ကို အမေရိကန်တပ်သားများ ငြီးငွေ့စိတ်ပျက်စပြုလာပြီ ဖြစ်သည်။)

ဓာတ်ပုံ-အင်တာနက်။

ကမ္ဘာ့အရှည်ဆုံး အဲယားဘတ်စ်လေယာဉ် တရုတ်တွင်ပျံသန်းမည်

ဇူလိုင် ၃၁

တရုတ်နိုင်ငံ အိစ်တင်းန် လေကြောင်းလိုင်းအတွက် မှာယူထားသည့် ကမ္ဘာ့အရှည်ဆုံးအဲယားဘတ်စ်လေယာဉ်ကြီးသည် ရှန်ဟိုင်းပူဒုန်နိုင်ငံတကာလေဆိပ်သို့ ဆိုက်ရောက်လာသည်။ အဆိုပါ လေယာဉ်ကြီးသည် ၇၄ ဒသမ ၈ မီတာ ရှည်လျားပြီး ခရီးသည် ၃၈၀ ဦး တင်ဆောင်ပျံသန်းနိုင်မည် ဖြစ်သည်။ အဆိုပါလေယာဉ်၏ ပထမတန်းနှင့် အထူးတန်းတို့အားငွေကြေးအမြောက်အမြား အကုန်အကျခံ ပြင်ဆင်ထားကာ ခရီးသည်များအနေဖြင့် လေယာဉ်စီးရင်း ရုပ်သံလိုင်းပေါင်း ၂၄ ခုကို ရွေးချယ်ကြည့်ရှုနိုင်မည် ဖြစ်သည်။

စီစီတီဗွီ။

မှန် The Mirror နိုင်ငံတကာသတင်းများ

အမေရိကန်တပ်ဖွဲ့အား ခုခံတိုက်ခိုက်မှု ဆက်လက်ဖြစ်ပေါ်နိုင် အီရတ်ဆိုင်ရာ ကျွမ်းကျင်သူများက စိုးရိမ်ပူပန်မှု ဖြစ်ပေါ်

ဘဂ္ဂဒက် ဇူလိုင် ၃၁

ဆက်ဒမ်ဟူစိန်၏ သားနှစ်ဦး သေဆုံးခဲ့ပြီဖြစ်ပြီး ခေါင်းဆောင် ဆက်ဒမ်ဟူစိန်ကိုယ်တိုင် အမေရိကန်တို့လက်အတွင်း ရောက်သွားသည့်တိုင်အောင် အီရတ်နိုင်ငံတွင် အမေရိကန်များအား ခုခံတိုက်ခိုက်နေမှုများ ရပ်ဆိုင်းမသွားဘဲ ဆက်လက်တည်ရှိနေဦးမည်လောဟု အီရတ်နိုင်ငံဆိုင်ရာ ကျွမ်းကျင်သူများက စိုးရိမ်ပူပန်လျက်ရှိကြသည်။

အီရတ်နိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော တိုက်ခိုက်မှုများ အားလုံးသည် ဆက်ဒမ်ဟူစိန်နှင့်သူ၏ သားများဖြစ်ကြသော အူဒေးနှင့်ကူဆေးတို့က လုံးလုံးတာဝန်ယူ စီစဉ်ညွှန်ကြားနေသည် ဟူသောယူဆချက်အပေါ် သံသယ ရှိကြသည်။ ထိုသံသယအပေါ်အခြေခံ၍ အထက်ပါ စိုးရိမ်စိတ်များ ပေါ်ထွက်လာခြင်းဖြစ်သည်။ ဇူလိုင်လ ၂၂ ရက် နေ့ကမှ မိုဆိုးလ်မြို့တွင် ဖြစ်ပွားသော စီးနင်းတိုက်ခိုက်မှုကြောင့် အူဒေးတို့ညီအစ်ကို သေဆုံးခဲ့ရသည်။ ထိုနေ့ နောက်ပိုင်းတွင် ဖြစ်ပွားသော တိုက်ပွဲများကြောင့် အနည်းဆုံးအမေရိကန်စစ်သား၁၁ဦး သေဆုံးသွားခဲ့ရပြီ ဖြစ်သည်။

အီရတ် ခုခံရေးသမားများ၏ ရည်မှန်းချက်မှာ အစိုးရဟောင်းကို ပြန်လည်အသက်သွင်းရေးဟူသော ရည်မှန်းချက်ထက် ကျော်လွန်နေပြီလော။ ပြည်ပကျူးကျော်သိမ်းပိုက်ရေးကို မလိုလားသော ဆန့်ကျင်မှုအဆင့်သို့ ရောက်နေပြီး အစွန်းရောက် အစ္စလမ်များပါ ပါဝင်ပတ်သက်နေပြီလောဟု ကျွမ်းကျင်သူများက သောက ဖြစ်နေကြသည်။

ထိန်းချုပ်ထား

အမေရိကန်ဆန့်ကျင်ရေး လှုပ်ရှားမှု အားလုံးကို ဆက်ဒမ်၏သား ကူဆေးနှင့်အူဒေးတို့ကချည်း ထိန်းချုပ်ထားကြသည်မဟုတ်။ သီးခြားစီရှိနေသော အုပ်စုများ၏ လှုပ်ရှားမှုများလည်းရှိနေသည်။ အီရတ်နိုင်ငံတွင် ဆန့်ကျင်သူများနှင့် လက်နက်များ ပေါများစွာရှိနေသေးသမျှ အမေရိကန်တပ်ဖွဲ့များအတွက် အန္တရာယ်ရှိနေဦးမည်သာ ဖြစ်သည်ဟု အီရတ်ဆိုင်ရာ ကျွမ်းကျင်သူ ဒေါက်တာ အာမက်အယ်ဘဂ္ဂဒက်က ပြောကြားသည်။ ၎င်းသည် ကူဝိတ်တက္ကသိုလ်မှ ပညာရှင်တစ်ဦးဖြစ်သည်။

အခြားကျွမ်းကျင်သူများသည် အမေရိကန် ထောက်လှမ်းရေးနှင့် နီးစပ်သူများမဟုတ်ကြ။ သို့သော် အီရတ်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာများကို နှံ့စပ်ကျွမ်းကျင်သူများ ဖြစ်ကြသည်။ ၎င်းတိုက အီရတ်နိုင်ငံရှိ ဆန့်ကျင်ရေးတိုက်ခိုက်မှုများသည် အကြောင်းအမျိုးမျိုးကို အရင်းခံသော အုပ်စုအမျိုးမျိုးမှ လာကြသည်ဟု ယူဆသည်။ ထိုအုပ်စုများတွင် ဘာ့သ်ပါတီဝင်ဟောင်းများ၊ အီရတ် စစ်သားဟောင်းများ၊ ဘာသာရေးဆရာများ၊ အခြားနိုင်ငံမှ လာသော ဘာသာရေးအစွန်းရောက်များနှင့် လူမျိုးစုခေါင်းဆောင်များပါဝင်သည်။ ၎င်းအုပ်စုများသည် ဗဟိုချုပ်ကိုင်မှုမပါဘဲ လှုပ်ရှားနေသည်ဟု ရှုမြင်ထားသည်။

အင်တာနက်။

ဆင်ပျူတာ

မြို့ငယ်များနှင့်ကျေးရွာများတွင် လူကြိုက်များကာ ဈေးနှုန်းချိုသာပြီး လက်ကိုင်ကွန်ပျူတာအမျိုးအစားဖြစ်သည့် ဆင်ပျူတာကို ဇူလိုင် ၂၈ ရက်က အိန္ဒိယနိုင်ငံတောင်ပိုင်း ဘင်္ဂလိုမြို့တွင် ထုတ်လုပ်လိုက်စဉ်။

(ဓာတ်ပုံ—အင်တာနက်)

ကူမင်း ကုန်စည်ပြပွဲ ဗီယက်နမ် ပါဝင်မည်

ဟန္နိုင် ဇူလိုင် ၃၁

ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်သည့်ဗီယက်နမ်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၆ ရက်မှ ၃၀ ရက်ထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် ကူမင်းကုန်စည်ပြပွဲသို့ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့်နီးစပ်သည့် သတင်းရပ်ကွက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ယင်းသို့ ပါဝင်တက်ရောက်ခြင်းသည် တရုတ်ပြည် အနောက်တောင်ပိုင်းဒေသသို့ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ ပို့ကုန်တင်ပို့နိုင်ရေး ရည်ရွယ်သည့် ဗီယက်နမ်အမျိုးသား ကုန်သွယ်ရေးတိုးမြှင့်မှု အစီအစဉ်ပင်ဖြစ်သည်။

ဗီယက်နမ်စီးပွားရေးလုပ်ငန်း ၃၀ ခန့်သည် ၎င်းတို့၏ ကုန်ပစ္စည်းများကို ယင်းကုန်စည်ပြပွဲ၌ ပြသမည်ဟု မျှော်လင့်ရသည်။ နိုဝင်ဘာလ၌ ဗီယက်နမ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း လာအိုကိုင်ပြည်နယ်၌ ဗီယက်နမ်– တရုတ်နိုင်ငံတကာ ကုန်စည်ပြပွဲကို ကြီးမှူးကျင်းပမည်ဖြစ်သည်။ ယင်းပြပွဲတွင် ဗီယက်နမ်ကုမ္ပဏီ ၃၀၀ နှင့် တရုတ်ကုမ္ပဏီ ၁၀၀ တို့ ပါဝင်တက်ရောက်ပြသကြမည်ဟု မျှော်လင့်ရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်အား စစ်ဆင်နွှဲမှု တရားမျှတကြောင်း ပြည်သူလူထုယုံကြည်အောင် ဗြိတိသျှအစိုးရ မစွမ်းဆောင်နိုင်ခဲ့

လန်ဒန် ဇူလိုင် ၃၁

ဗြိတိသျှအစိုးရအနေဖြင့် ဗြိတိသျှပြည်သူလူထုအား အီရတ်နိုင်ငံအား စစ်ဆင်နွှဲတိုက်ခိုက်ခြင်းသည် တရားမျှတကြောင်း ယုံကြည်စေရန် မစွမ်းဆောင်နိုင်ခဲ့ကြောင်း ဝန်ကြီးချုပ် တိုနီဘလဲက ဗုဒ္ဓဟူးနေ့တွင် ဝန်ခံပြောကြားလိုက်သည်။

ဗြိတိသျှအစိုးရအား ယုံကြည်မှုကင်းနေသည့် ဆန္ဒမဲပေးနေသူများအား အယုံအကြည် ရှိ၊ မရှိ တိုနီဘလဲအား ရုပ်မြင်သံကြားဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် တိုနီဘလဲက မိမိတို့ ထိပ်တိုက်တွေ့ရန်ရှိသည့် ပြဿနာအဖြစ် မိမိ လက်ခံထားကြောင်း ပြောကြားသည်။

မိမိတို့ အီရတ်နိုင်ငံတွင် ဆောင်ရွက်လုပ်ကိုင်သမျှ တရားမျှတမှုရှိပြီး အမှန်အကန်ဖြစ်ကြောင်း၊ ယင်းကိစ္စကို အချိန်ယူ၍ မှန်ကန်ကြောင်းသက်သေပြသရန်ဖြစ်ကြောင်း ဘလဲက ဆက်လက်ပြောကြားသည်။

ထိုစဉ်အတောအတွင်း တိုနီဘလဲမှာ လက်နက်ရေးရာ ကျွမ်းကျင်သူ ဒေးဗစ်ကယ်လီ သတ်သေသွားဖွယ်ရှိမှုနှင့် ပတ်သက်၍ မေးမြန်းသော မေးခွန်းပေါင်းများစွာကို ရှောင်တိမ်းနေရသည်။ အလားတူ ယင်းမေးခွန်းပေါင်း သောင်းခြောက်ထောင်ကို လော့ဒ်ဟက်တန် စုံစမ်းရေးကော်မရှင်က စစ်ဆေးမေးမြန်းကြမည်ဖြစ်ကြောင်း ဘလဲက ထပ်လောင်းပြောကြားသည်။

ပြဿနာများရှိ

ဒေးဗစ်ကယ်လီ သေဆုံးပြီးနောက် နိုင်ငံရေးနယ်ပယ်အတွင်း ပြောင်းလဲရန်လိုအပ်မှုနှင့် စပ်လျဉ်း၍ မေးမြန်းရာ တိုနီဘလဲက မီဒီယာသတင်းဌာနများနှင့် နိုင်ငံရေးသမားများကို အတူတကွ စောင့်ကြည့်ရှုရန် ပြဿနာများ ရှိကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆန့်ကျင်ရေး ကြွေးကြော်

ဘဂ္ဂဒက်မြို့တွင် နေထိုင်သည့် အီရတ်နိုင်ငံမှ ဩဇာတိက္ကမ အရှိဆုံး လူမျိုးစု ခေါင်းဆောင်များအနက် တစ်ဦးဖြစ်သူ မူဟာမက်အယ်ဟာဘစ်၏ နေအိမ်အား ဝင်ရောက်စီးနင်းရှာဖွေမှုကို ဆန့်ကျင်သည့်အနေဖြင့် ဆန္ဒပြပွဲတစ်ရပ်၌ အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးနေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ယူရေနီယံရရန် အီရတ်ကြိုးပမ်းဆိုသည့် စွပ်စွဲချက် တာဝန်ရှိကြောင်းကို အမေရိကန်သမ္မတ ဘုရ်ှ လက်ခံ

ဝါရှင်တန် ဇူလိုင် ၃၁

အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ဒဗလျူ၊ဘုရ်ှက မြောက်မြားစွာသော ရက်သတ္တပတ်အတွင်း အခြားသူများအား အပြစ်ဖို့စကားပြောကြားပြီးနောက် အီရတ်နိုင်ငံသည် အာဖရိကဒေသမှ ယူရေနီယံသတ္တုရရှိရန် ကြိုးပမ်းသည်ဟု စွပ်စွဲချက်နှင့် စပ်လျဉ်း၍ တာဝန်ရှိကြောင်း လက်ခံလိုက်ပြီဖြစ်သည်။

မတ်လနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အိမ်ဖြူတော် နှင်းဆီဥယျာဉ် သတင်းစာရှင်းလင်းပွဲတွင် ဘုရ်ှက ဆက်ဒမ်ဟူစိန်၏ လူအစုအပြုံလိုက်သေစေနိုင်သည့် အဖျက်လက်နက်များရှိကြောင်း သက်သေပြသရန် အချိန်အတန်အသင့်ယူရမည်ဖြစ်ကြောင်း အမေရိကန်ပြည်သူ၊ ပြည်သားတို့အား သတိပေးပြောကြားခဲ့သည်။

နီးစပ်မှုရှိလာပြီ

လွန်ခဲ့သည့် ရက်သတ္တပတ်က ဆက်ဒမ်ဟူစိန်၏ သားနှစ်ဦး အသတ်ခံရပြီးနောက် ဆက်ဒမ်ဟူစိန်အား အမေရိကန်တပ်သားများ ဖမ်းမိရေးကိစ္စသည် နီးစပ်မှု ရှိ၊ မရှိနှင့် ပတ်သက်၍ ဘုရ်ှက ကံသေကံမ မပြောကြားနိုင်ကြောင်း၊ သို့ရာတွင် ဆက်ဒမ်အား ရှာပုံတော်ဖွင့်ရှာနေသူများမှာ ယမန်နေ့ကထက် နီးစပ်မှုရှိလာပြီဖြစ်သည်ကို ထင်မြင်ကြောင်း ဘုရ်ှက ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံ၏ သင်္ကာမကင်းဖြစ်ရသည့် နျူကလီးယားလက်နက်အစီအစဉ်နှင့် ပတ်သက်၍ ရွေးချယ်နိုင်ခွင့်များ ပြုလုပ်နိုင်ရန် ရှိနေသေးကြောင်း၊ သို့ရာတွင် ယင်းကိစ္စအပေါ် ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည်ကို မိမိအမှန်တကယ် ယုံကြည်ထားကြောင်း ဘုရ်ှက အခိုင်အမာ ထပ်မံပြောကြားပြီး အထူးသဖြင့် ဥရောပဒေသနှင့် အခြားနိုင်ငံများအနေဖြင့် ယင်းကိစ္စအပေါ် ဖိအားပေးကြပါရန်ကိုလည်း ဘုရ်ှက တိုက်တွန်းဆော်ဩလိုက်သည်။

အီရတ်နိုင်ငံသည် နျူကလီးယားလက်နက်များ ထုတ်လုပ်ရန်အတွက် အာဖရိကဒေသမှ ယူရေနီယံများ ရရှိရန် ကြိုးပမ်းလျက်ရှိနေကြောင်း သမ္မတဘုရ်ှက နိုင်ငံတစ်ဝန်းသို့ ထုတ်လွှင့်သော မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ ယင်းသို့ ကြိုးပမ်းမှုကြောင့် အီရတ်နိုင်ငံအား အမေရိကန်ပြည်ထောင်စုအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း သက်သေအဖြစ် ပြောကြားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း ဖော်ပြပါ ဘုရ်ှ၏ စွပ်စွဲချက်သည် မှတ်တမ်းမှတ်ရာအတုများ တစ်စိတ်တစ်ဒေသအပေါ် အခြေစိုက်ထားသည်ဟုဆိုကာ အများတကာ အယုံအကြည်မဲ့စေပြီး ဝါရှင်တန်တွင် အုတ်အော်သောင်းတင်းဖြစ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ပါလက်စတိုင်း ကလေးငယ်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ အစ္စရေး ကလေးငယ် လေးဦးအား ပေးလှူကာ အသက်ကယ်တင်

ဂျေရုဆလင် ဇူလိုင် ၃၁

မတော်တဆဖြစ်မှုနှင့် သေဆုံးခဲ့သော ပါလက်စတိုင်းလူမျိုး ကလေးတစ်ဦး၏ မိသားစုက သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို အစ္စရေးလူမျိုး ကလေးငယ်လေးဦးအား ပေးလှူခဲ့ခြင်းဖြင့် အသက်ချမ်းသာမှုရရှိစေရန် ကယ်တင်နိုင်ခဲ့ရာ အစ္စရေးနှင့် ပါလက်စတိုင်းလူမျိုးများအတွင်း ၃၄ လသက်တမ်းကြာ ပဋိပက္ခပေါ်ပေါက်ခဲ့ပြီးနောက် ရှားပါးလှသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ခွင့်ပြု

ဂျော်ဒန် အနောက်ဘက်ကမ်းနက်ဗလု ဒေသအနီးတွင် အသက်(၁၁) နှစ်ရှိ ကေဟာအူဒေးသည် အိမ်ခေါင်မိုးပေါ်မှ လိမ့်ကျပြီး သေဆုံးသွားခဲ့သည်။ ပါလက်စတိုင်းလူမျိုးများ လွတ်လပ်ရေးရရှိရန် တော်လှန်ကြရာတွင် အစ္စရေးစစ်သားများ၏ နှိပ်ကွပ်မှုအပေါ် ဒေါသအမျက် ခြောင်းထွက်နေကြသည့် အိမ်နီးချင်းများ၏ ကန့်ကွက်မှုကြားမှ ကေဟာအူဒေး မိသားစုက သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပေးလှူရန် ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

အစ္စရေးစစ်သားများက ပါလက်စတိုင်းလူမျိုးများအား နှိပ်ကွပ်သတ်ဖြတ်နေချိန်ဝယ် မိမိတို့က အစ္စရေး ကလေးငယ်များအား အသက်ကယ်ပေးခြင်းဖြစ်ကြောင်းကို အစ္စရေးလူမျိုးများနှင့် အမေရိကန်လူမျိုးများ သိနားလည်စေကြောင်း ကေဟာအူဒေး၏ မွေးချင်းပေါက်ဖော်တစ်ဦးက ပြောကြားသည်။

အစားထိုးကုသ

မွေးရာပါဇီပေါ အသက်ရှူလမ်းကြောင်း ပိတ်ရောဂါ ခံစားနေရသည့် အသက်(၁၃)နှစ်အရွယ်ရှိ အမျိုးသမီးအား သေဆုံးသူ ကေဟာအူဒေး၏ နှလုံးနှင့် အဆုတ်များဖြင့် အစားထိုးကုသခဲ့သည်။ ၎င်းအသက်(၁၃)နှစ်အရွယ် မိန်းကလေး၏ ကောင်းမွန်စွာ အလုပ်လုပ်လျက်ရှိသော နှလုံးကို အခြားလူငယ်လူနာရှင်တစ်ဦးအား တပ်ဆင်ကုသပေးခဲ့ကြောင်း အစ္စရေးနိုင်ငံ ပီတာတစ်ဗာရှိ ရှန်နိုက်ဒါ ကလေးဆေးရုံက ပြောကြားသည်။

ပါလက်စတိုင်းလူမျိုး၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ပေးလှူရခြင်းသည် တိတ်တခိုး ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ယင်းသို့ လူသိရှင်ကြား ကြေညာခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း အစ္စရေးအမျိုးသား ကိုယ်အင်္ဂါ အစိတ်အပိုင်း တပ်ဆင်ကုသရေးဌာနမှ တာမာ အက်ရှ်ကင်နာဇီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ် အုပ်ချုပ်ရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌ ရွေးချယ်

ကိုင်ရို ဇူလိုင် ၃၁

အီရတ်နိုင်ငံရှိ အမေရိကန်ခန့်အပ်သည့် အုပ်ချုပ်မှုကောင်စီက ပထမဆုံးအကြိမ် အလှည့်ကျ ဥက္ကဋ္ဌအဖြစ် အီဘရာဟင်ဂျာဖာရီအား ဗုဒ္ဓဟူးနေ့က ရွေးချယ်လိုက်သည်။

ရှီးယား ဘာသာရေးအစွန်းရောက် ဒေါ်ဝါပါတီ၏ ပြောရေးဆိုခွင့်ရှိသူ အီဘရာဟင်ဂျာဖာရီအား အလှည့်ကျ ဥက္ကဋ္ဌအဖြစ် အုပ်ချုပ်မှုကောင်စီဝင်အမည်များ၏ အက္ခရာစဉ်အလိုက် အခြေပြုကာ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဥက္ကဋ္ဌရာထူးသည် လစဉ်အလိုက် ပြောင်းလဲသွားမည်ဖြစ်သည်။

ဆရာဝန်အဖြစ် အသက်မွေးဝမ်းကျောင်းပြုသူ ဥက္ကဋ္ဌသစ် ဂျာဖာရီသည် ဒေါ်ဝါပါတီသို့ ၁၉၆၆ ခုနှစ်က ဝင်ရောက်ခဲ့သည်။ အဆိုပါ ပါတီကို ပြန်လည်ပြင်ဆင်ရေး အစ္စလာမ့်စ်အတွေးအခေါ်နှင့် ခေတ်မီ ဘာသာရေးထုံးတမ်းစဉ်လာ သဘောတရားတို့ကို အခြေပြုကာ ၁၉၅၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

အီရတ်အုပ်ချုပ်မှုကောင်စီက ဥက္ကဋ္ဌအဖြစ် တစ်ဦးတည်း ရွေးချယ်မည့်အစား အလှည့်ကျကောင်စီ ဥက္ကဋ္ဌကိုးဦးအား ရွေးချယ်ရေးအတွက် ဘဂ္ဂဒက်မြို့တော်တွင် အစည်းအဝေးပြုလုပ်ရန် ဆုံးဖြတ်ကြခြင်းဖြစ်သည်။

အဆိုပါ ကောင်စီဝင် ကိုးဦးတွင် ရှီးယားမွတ်စလင် ငါးဦး၊ ဆွန်နီမွတ်စလင် နှစ်ဦးနှင့် ကာ့ဒ်လူမျိုးနှစ်ဦး ပါဝင်ပြီး ကောင်စီဝင်အားလုံး ၂၅ ဦးဖြင့် ဖွဲ့စည်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇူလိုင် ၃၀ ရက်က တောမီးများ လောင်ကျွမ်းမှုကြောင့် ပြင်သစ်နိုင်ငံတောင်ပိုင်း လာဖော်ဗီးရာမြို့အနီးမှ အပန်းဖြေနေအိမ်များစွာကို ခြိမ်းခြောက်အန္တရာယ်ပြုနေစဉ်။ (လေပြင်းများ တိုက်ခတ်မှုကြောင့် တောမီးများ ဆက်လက် လောင်ကျွမ်းနေရာ လူငါးဦး သေဆုံးရပြီး သစ်တောဟက်တာများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။) (ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်၌ တောမီး အကြီးအကျယ် လောင်ကျွမ်း သစ်တော ဟက်တာ ၃၀၀၀၀ကျော် ပျက်စီး

ပါရီ ဇူလိုင် ၃၁

ယခုနှစ် နွေရာသီမှစတင်ကာ ပြင်သစ်နိုင်ငံ မြေထဲပင်လယ် ကမ်းရိုးတန်းဒေသနှင့် ကော်ဆီဂါကျွန်းစုတို့တွင် တောမီးများ အကြီးအကျယ်လောင်ကျွမ်းခဲ့သဖြင့် သစ်တောဟက်တာ ၃၀၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ပြင်သစ်အာဏာပိုင်များက အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ပျက်စီးမှုပမာဏမှာ ပြင်သစ်နိုင်ငံတွင် အနှစ် ၂၀ အတွင်း အကြီးမားဆုံးဖြစ်သည်။ ယခင်က အကြီးမားဆုံး တောမီးလောင်ကျွမ်းမှု နှစ်ကြိမ်မှာ ဟက်တာ ၂၅၈၀၀ ပျက်စီးခဲ့သည့် ၁၉၈၆ ခုနှစ်နှင့် ဟက်တာ ၂၃၆၀၀ ဆုံးရှုံးခဲ့သည့် ၁၉၈၃ ခုနှစ်တို့ဖြစ်သည်။ ***စီအင်န်အင်န်။***

မွေခံထိုက်စေ

ခြင်ကျား(မအူပင်)

နိုင်ငံတော်အစိုးရသည် ၈၈ ခုနှစ်ကာလ၏ နိုင်ငံတော် ယိမ်းယိုင်တိမ်းပါးသောအခြေအနေက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးတစ်ဆင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ဖော်ဆောင်ပေးခဲ့သည်။ နယ်စပ်ဒေသအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အကြားအလပ်မရှိ ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အတွင်း ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုသတ်မှတ်၍ ထိုဖွံ့ဖြိုးရေးဇုန်များကိုအခြေပြု၍ ဆက်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးလျက်ရှိလေသည်။ စာရေးသူတို့နေထိုင်ရာ ဧာတိချက်ကြွေမွေးရပ်မြေသည် ဖွံ့ဖြိုးဒေသကြီးများအနက် အမှတ်စဉ်(၂၄)အဖြစ် သတ်မှတ်ထားသော မအူပင်ဒေသဖြစ်သည်။

နိုင်ငံတော်မှ မအူပင်ဒေသကို ဖွံ့ဖြိုးရေးဒေသနှင့်လျော်ညီစွာ ခုတင် ၂၀၀ ဆံ့ ဆေးရုံတစ်ရုံ၊ တက္ကသိုလ် တစ်ခု၊ နည်းပညာကောလိပ်တစ်ခုနှင့် ကွန်ပျူတာကောလိပ်တစ်ခု၊ နေ့ချင်း ညချင်းပြီး တည်ဆောက်ပေးခဲ့သည်။ ဗိုလ်ချုပ်ကြီး ခင်ညွန့်အမှူးပြုသည့် နိုင်ငံတော် အကြီးအကဲများ လေးကြိမ်တိုင်တိုင် မအူပင်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တည်ဆောက်မှုလုပ်ငန်းခွင်သို့ ကိုယ်တိုင်ကိုယ်ကျ ကြွရောက်စစ်ဆေးကြီးကြပ်ခဲ့ကြသည်။ ၂၀၀၃ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် မအူပင်ဒေသ၏ နည်းပညာ ကောလိပ်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်မှ ဖွင့်လှစ်ပေးခဲ့သည်။ မအူပင်တက္ကသိုလ်၊ နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်တို့တွင် ၂၀၀၂-၂၀၀၃ခုနှစ် စာသင်နှစ်၏ ကျောင်းသား၊ ကျောင်းသူများကို လက်ခံသင်ကြားပေးနေပြီ ဖြစ်ကြောင်းလည်း သိရသည်။

ဤမျှ မိမိဒေသတွင် နိုင်ငံတော်မှ ဖွံ့ဖြိုးရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပေးနေတုန်းတွင် စာရေးသူမှာ အနေနီးသော်လည်း ခရီးဝေးခဲ့ရပါသည်။ တစ်နေ့သောအခါ မအူပင်တက္ကသိုလ်မှ အစည်းအဝေး ဖိတ်စာတစ်စောင် ရောက်ရှိလာသောအခါမှ နိုင်ငံတော်အပေါ်ထားရှိသော စေတနာ၏ တန်ဖိုးကို နားလည်မိပါတော့သည်။

မအူပင်မြို့အနောက်ဘက် မြို့ပတ်တာ၏ ဖြောင့်စင်းချောမွေ့သော ကတ္တရာလမ်းမှသည် မအူပင်တက္ကသိုလ်သို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကိုကိုအောင်၏ ဂျစ်ကားကလေးနှင့်အတူ ခရီးနှင်ခဲ့ရပါသည်။ လမ်းတစ်လျှောက်တွင် ဆိုင်ကယ်၊ စက်ဘီးအသွယ်သွယ်ဖြင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတို့၏ လန်းဆန်းလတ်ဆတ်သော အသွင်သဏ္ဍာန်တို့ကို တွေ့မြင်ခဲ့ရသည်။

မကြာမီ မအူပင်တက္ကသိုလ်ဟူသော ရွှေစာလုံးထွင်း မုခ်ဦးနှင့်အတူ ဖြူဖွေးသန့်စင်သည့် မြင့်မားထည်ဝါသော တက္ကသိုလ်အဆောက်အအုံအား မြင်တွေ့လိုက်ရပေပြီ။ တပြန့်တပြောကျယ်ဝန်းလှသည့် လယ်တောမှ တက္ကသိုလ်အား ပထမဆုံးအကြိမ် တွေ့လိုက်ရခြင်းဖြစ်ပေသည်။

တက္ကသိုလ်၏ ခေတ်မီအစည်းအဝေးခန်းမတွင် ထိုင်မိပြီးသည့်နောက် ပါမောက္ခချုပ်ကြီးက ယခုကဲ့သို့ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများကို ဖိတ်ကြားရခြင်းမှာ မအူပင်တက္ကသိုလ်၏ သင်ခန်းစာများတွင် ဒေသဖွံ့ဖြိုးရေးသင်ခန်းစာကို ၁၀ ရာခိုင်နှုန်းဆောင်းသင်ကြားရန် လမ်းညွှန်ထားသဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အကြံဉာဏ်များ ရယူလို၍ဖြစ်ပါကြောင်း အကျယ်တဝင့် ဦးဆောင်ဆွေးနွေးခဲ့ပါသည်။ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများမှ ဘာသာရပ်အလိုက် မိမိတို့အတတ်ပညာဖြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် ဆွေးနွေးလာခဲ့ရာ အကြီးအကဲများ၏ စေတနာနှင့် ဒေသခံပြည်သူများဘက်မှ "မွေခံထိုက်စေ" တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရတော့မည်ဖြစ်ကြောင်း သဘောပေါက် နားလည်လာမိပါတော့သည်။

မအူပင်ဒေသသည် မြန်မာဘုရင်များလက်ထက်တွင် မြို့ပြအဖြစ် တည်ရှိခြင်းမရှိဘဲ အိမ်ခြေ ၅၈၈ အိမ်၊ လူဦးရေ ၁၁၇၈ ဦးခန့်ရှိသော "ရေဝတီ"အမည်တွင်သည့် ရွာကြီးတစ်ရွာအဖြစ် တည်ရှိခဲ့သည်။ ၁၈၅၂ ခုနှစ် ဧပြီလ ၅ ရက်နေ့မှ စတင်ခဲ့သော အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး၌ လော့ဒါလဟိုဇီက အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ရခြင်းအကြောင်းပြချက်ကို အောက်ပါအတိုင်း ထုတ်ပြန်ခဲ့ဖူးပါသည်။

၁။ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ရခြင်းဖြင့် ဗြိတိသျှတို့၏ အင်အားကို ထင်ရှားစေခဲ့သည်။

၂။ ယခင်အရှုံးကို ထေမိ၍ ဗြိတိသျှအနာဂတ်အတွက် စိတ်ချ ခိုင်လုံစေသည်။

၃။ မြန်မာတို့၏ စစ်အင်အားကို လျော့ပါးစေသည်။

၄။ ပဲခူးကို စရိတ်စက အကုန်အကျနည်းနည်းဖြင့် အုပ်ချုပ်နိုင်မည်ဖြစ်၍ ကူးသန်းရောင်းဝယ်ရေး တိုးတက်ပြီးလျှင် သဘာဝထွက်ကုန်ပစ္စည်းများ မြောက်မြားစွာ ရရှိနိုင်မည်။

နယ်ချဲ့ဗြိတိသျှတို့သည် ၁၈၂၄ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအတွင်း စစ်သားပေါင်း ၁၅၀၀၀ ဆုံးရှုံးခဲ့၍ စတာလင်ပေါင် သုံးသန်း သုံးစွဲခဲ့ရသည်။ ထိုအရှုံးကို ကာမိစေရန် ပထမ အင်္ဂလိပ်- မြန်မာ စစ်ပွဲအပြီး တနင်္သာရီဒေသကို အုပ်ချုပ်ခဲ့သည့် မစ္စတာမင်ဂီက ထိုဒေသများတွင် အခွန်တိုးမြှင့် ကောက်ခံခဲ့ကြောင်း တွေ့ရလေသည်။ မြန်မာမင်းများလက်ထက်က လယ်ယာမြေအခွန်ကောက်ခံသောနှုန်းမှာ ၆ ရာခိုင်နှုန်းဖြစ်၍ မင်ဂီက ၁၀ ရာခိုင်နှုန်းမှတစ်ဆင့် ၂၅ ရာခိုင်နှုန်းထိ တိုးကောက်ခဲ့သည်။ နယ်ချဲ့ဗြိတိသျှတို့သည် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ပြီးဆုံးခဲ့သော်လည်း မအူပင်ဒေသဝန်းကျင်နှင့် ဓနုဖြူနှင့် ပန်းတနော်တစ်ဝိုက်တွင် နယ်မြေစိုးမိုးမှုတည်ဆောက်နိုင်မှုမရှိကြောင်း တွေ့ရှိရသည်။ မြန်မာ့မျိုးချစ်စိတ် တော်လှန်ရေး ခေါင်းဆောင် ဗိုလ်မြတ်ထွန်းအား သုံးနှစ်သုံးမိုး စစ်အင်အားဖြည့်တင်း၍ ချေမှုန်းခဲ့ရလေသည်။ ၁၈၈၅ ခုနှစ် အထက်မြန်မာပြည် သူ့ကျွန်ဘဝ ရောက်ချိန် တွင် အဂ္ဂမဟာပဏ္ဍိတ ဦးကလျာဏ (ညောင်ရမ်းအနွယ်တော်)များက ရေဝတီရွာအလယ်တွင် (အကျော်ဆူလျှံ မြတ်သုံးတန်)စေတီကို သီပေါမင်းပါတော်မူသည့် အထိမ်းအမှတ်အဖြစ် လွမ်းစေတီ တည်ထားခဲ့သည်ကို ယနေ့တိုင် ဖူးတွေ့နိုင်သည်။

၁၈၇၅ ခုနှစ်တွင် အင်္ဂလိပ်တို့က ရေဝတီရွာကြီးကို စနစ်တကျ အကွက်ရိုက်၍ မြို့ထိပ်တွင် ပေါက်နေသည့် ကြီးမားသော မအူပင်ကြီးကို အစွဲပြု၍ မအူပင်မြို့ကို တည်ခဲ့သည်။ အင်္ဂလိပ်တို့သည် လယ်ယာမြေမှတစ်ဆင့် အခွန်အကောက် ရရှိရေးအတွက် ၎င်းတို့ နယ်ချဲ့သိမ်းပိုက်ထားသော ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသကို ရေကာတာများဝန်းပတ်၍ ရာသီမရွေး စိုက်ပျိုးမြေဖြစ်ရေးကို ဆောင်ရွက်ခဲ့သည်။ "ဓားမဦးချ" စနစ်ကို ကြေညာ၍ မြေရိုင်းများကို ခုတ်ထွင်နိုင်သူတိုင်း မိမိဓားမဦးချပိုင်ခွင့်ရှိကြောင်း မက်လုံးပေးခဲ့သည်။ ဓားမဦးချစွမ်းအားရှိသလောက် လယ်မြေအပိုင်ရသော မြန်မာတို့သည် တစ်နှစ်ခန့်သာ အခွန်ကောက်ခံမှု ကင်းလွတ်ခွင့်ရခဲ့သော်လည်း တစ်နှစ်ကျော်သောအခါ နယ်ချဲ့တို့၏ အခွန်တိုးမြှင့် ကောက်ခံမှုအောက်တွင် လယ်ကွဲများပမာ နဖားထိုးထမ်းပိုးတပ်ခြင်းကို ခံခဲ့ကြရလေသည်။

အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲဖြင့် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သော နယ်ချဲ့တို့သည် ၁၈၇၅ ခုနှစ်တွင် ခရိုင်များ တိုးချဲ့ဖွဲ့စည်းခဲ့သည်။ သုံးခွခရိုင်(ယခုသုံးခွရွာ)၏ မြို့နယ်အသစ်ဖြစ်သော မအူပင်မြို့ကို မြန်မာနိုင်ငံ၏ မဟာမင်းကြီးဖြစ်သူ ဆာအက်ရှလီအီဒင်(Sir Ashely Edem)က မျက်စိကျ၍ သုံးခွခရိုင် အရေးပိုင်ရုံးကို မအူပင်မြို့၌ ရုံးစိုက်စေခဲ့လေသည်။

သုံးခွခရိုင် အရေးပိုင် အက်ဖ်ဒီမက္ကဆွဲ (F.D. Maxwell)က လက်ရှိသုံးခွခရိုင်ကို မအူပင်ခရိုင်နှင့် ဖျာပုံခရိုင် အဖြစ် ခွဲရန် ၁၉၀၁ ခုနှစ်တွင် ပုသိမ်မြို့ရှိ ဧရာဝတီဒိဗိဇနယ်ပိုင်ဝန်ရှင်တော်မင်းကြီးအိပ်၊အက်စ်၊ဟတ်နော့(H.S.Hartnott) ထံ တင်ပြခဲ့သည်။ အန္ဒိယအစိုးရက ၁၉၀၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင် ခွဲခြားနိုင်ရေး ဆောင်ရွက်ရန် ခွင့်ပြုခဲ့သဖြင့် မအူပင်ခရိုင် ပေါ်ပေါက်လာခဲ့သည်။

အင်္ဂလိပ်တို့က "ရေဝတီ"ရွာမှ "မအူပင်မြို့" အဖြစ်လည်းကောင်း၊ မအူပင်မြို့မှ မအူပင်ခရိုင်သို့ လည်းကောင်း၊ တိုးမြှင့်သတ်မှတ်ခြင်းမှာ "နယ်မြေကျယ်ဝန်းသောကြောင့် အခွန်ကောက်ခံရာတွင် မနိုင်မနင်းမဖြစ်ရန် ဆောင်ရွက်ခြင်းဖြစ်သည်"ဟု ဖော်ပြခဲ့လေသည်။ ၁၉၀၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ သုံးခွခရိုင်၏ မြို့နယ်ဆိုင်ရာအချက်အလက်များဇယားတွင် သုံးခွ၊ ဖျာပုံ၊ ကျိုက်ပိ လေးမြို့နယ်များအနက် မအူပင်တစ်မြို့နယ်တွင် စိုက်ဧက ၃၂၀၉၃၀ ရှိပြီး မြေခွန်ရှုပီး ၇၈၀၆၄၅၊ လူခွန်ရှုပီး ၁၉၀၈၂၅၊ အင်းခွန်ရှုပီး ၃၈၈၀၉၅၊ ယစ်မျိုးခွန်ရှုပီး ၁၉၀၈၂၅၊ မြူဝင်ငွေရှုပီး ၉၆၀၉၆ ရရှိကြောင်း မှတ်တမ်းတင်ထားလေသည်။

စိုက်ပျိုးရေးနှင့် ရေသယံဇာတပေါကြွယ်ဝသော မအူပင်မြို့ကို နယ်ချဲ့တို့၏ အကျိုးစီးပွားအတွက် အသုံးချခဲ့ခြင်းအား ထိုခေတ်က အုပ်ချုပ်ခဲ့သော အင်္ဂလိပ်အရာရှိများကို မြန်မာတို့ကျေးဇူးတင်စိမ့်သောငှာ ဟတ်နော့အီဒင်နှင့် မက္ကဆွဲတို့၏ အမည်ကို မအူပင်မြို့ရှိလမ်းနှစ်လမ်းအမည်အဖြစ် ပြောင်းလဲခေါ်ဝေါ် စေခဲ့ဖူးပါသည်။

၁၉၂၅ ခုနှစ်ဝန်းကျင်တွင် စတီးဘရားသား၊ ဘလုပ်ဘရားသား၊ အင်ဒိုဘားမား၊ အယ်လမင်အာရကန်စသော အင်္ဂလိပ်ခနရှင်ကုမ္ပဏီကြီးများသည် "ဘူလင်ဂျာပူ"ခေါ် စပါးဝယ်ယူရေးအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့သည်။ ဝယ်ယူရေးအဖွဲ့သည် စပါးဈေးကိုနှိမ်ဝယ်ကြပြီး နယ်ချဲ့အစိုးရက အပူတပြင်းအခွန်ငွေကောက်ခံလာရာ မြန်မာတောင်သူလယ်သမားများမှာ မတန်တဆဈေးနှင့်ရောင်းချကြရပါတော့သည်။ ကျန်သောဝမ်းစာစပါးကိုလည်း ခနရှင်ကုမ္ပဏီများက အကြွေးနှင့် သိမ်းပိုက်ကြပြန်သည်။

စစ်ပြီးချိန်တွင် မြန်မာ့ဆန်ကို ကမ္ဘာ့နိုင်ငံများမှ အလုအယက်ဝယ်ယူကြရာ ၁၉၄၆ ခုနှစ် ဒီဇင်ဘာ တစ်လတည်း၌ပင် ဆန်တန်ချိန် ၈၀၀၀ ကို မြန်မာနိုင်ငံမှ အိန္ဒိယသို့တင်ပို့ခဲ့သည်။ ကာလကတ္တားစတိတ်မင်း သတင်းစာပါ အေပီသတင်းအရ ဘုရင်ခံသည် စင်ကာပူ၌ကျင်းပသော အရှေ့ဖျားဒေသ စားနပ်ရိက္ခာကွန်ဖရင့်သို့ တက်ရောက်စဉ် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁၂၀၀၀၀ တန် တင်ပို့ခဲ့ကြောင်း တရားဝင်ပြောခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ တရားဝင်ထုတ်ပြန်ချက်အရ တန်ချိန်တစ်သိန်းမျှသာ တင်ပို့ကြောင်းဖော်ပြပြီး ဘင်္ဂလား အစိုးရ၏ အစီရင်ခံစာအရ ဘင်္ဂလားနယ်တစ်နယ်တည်းသို့ပင် ဆန်တန်ချိန် ၂၉၄၄၂ တန် တင်ပို့ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ထိုအချိန်က အစိုးရ၏ ၁၉၄၅-၁၉၄၆ ခုနှစ်အတွက် စပါးအထွက် ခန့်မှန်းခြေမှာ ၃၂၃၃၃၀၀ တန် (သုံးသန်းနှစ်သိန်းကျော်)ရှိပြီး စစ်မပြီးဖြစ်မီက ၇၈၉၀၀၀၀ တန်ဖြစ်သည်။ ဆန်စပါးစီမံကိန်းအဖွဲ့မှ ဆန်စပါး တန်ချိန်နှစ်သိန်းခွဲကို ရှုပီးငွေ ၅၄၀ ဈေးဖြင့် ရန်ကုန်အရောက်ဈေးနှုန်းဖြင့် ဝယ်ယူခဲ့သည်။ မြန်မာ့ကျေးလက်ဒေသတွင် စပါးဈေးမှာ ရှုပီးကျပ်ငွေ ၁၂၀ သာရှိခဲ့သည်။

မအူပင်မြို့မှ မြို့တော်ရန်ကုန်နှင့် အထက်မြန်မာနိုင်ငံသို့ ကူးသန်းဆက်သွယ်ရေးလမ်းတစ်ခုတည်းသာ ရှိခဲ့သည်။ နယ်ချဲ့အစိုးရသည် မြစ်ကူး၊ ချောင်းကူးတံတား တည်ဆောက်ရန် ကြီးမားသော စရိတ်စကကို စိုက်ထုတ်ရန် မစဉ်းစားခဲ့ကြောင်း တွေ့ရှိရသည်။ တစ်ဖက်က နယ်ချဲ့တို့၏ မြန်မာနိုင်ငံကို ကျွန်ပြုရေးရည်မှန်းချက်ကို အကူအညီပေးခဲ့သော မြန်မာတို့၏ နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါဘုရင်အား ဖမ်းဆီးသယ်ယူရေး ကိစ္စတွင် အကူအညီပေးခဲ့သည့် အင်္ဂလိပ်ခနရှင်များပိုင်သည့် ဧရာဝတီဖလိုတီမာ ကုမ္ပဏီ၏စီးပွားရေးကိုထိခိုက်သည့်ကိစ္စအား ရှောင်ရှားခဲ့သည်။

ဧရာဝတီဖလိုတီမာကုမ္ပဏီကို ယှဉ်ပြိုင်ခဲ့သော မြန်မာတိုင်းရင်းသား မွန်လူမျိုးဦးနာအောက်ဆိုသူရှိခဲ့သည်။ ဒုတိယ အင်္ဂလိပ် မြန်မာစစ်ကြီးအပြီး ဧရာဝတီဖလိုတီမာကုမ္ပဏီ၏ မြစ်ဝကျွန်းပေါ်ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်သည့် မအူပင်-ရန်ကုန် ခရီးစဉ်တွင် မအူပင်မြို့နယ် မလက်တိုကျေးရွာမှ မြန်မာအမျိုးသမီး ဒေါ်နှင်းဆီဆိုသူက တိုင်းတစ်ပါးကုမ္ပဏီကို ယှဉ်ပြိုင်ပြေးဆွဲခဲ့ဖူးပေသည်။ မအူပင်မြို့နယ် မလက်တိုကျေးရွာသူ ဒေါ်နှင်းဆီ၏ မျိုးချစ်စိတ်သည် ယနေ့တိုင် မအူပင်ဒေသတွင် ပူနွေးစွာစီးဆင်းလျက်ရှိပေသည်။

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရသည် မအူပင်မြို့၏ အရှေ့ဘက်ကမ်းရှိ တရုတ်လတ်ကျေးရွာအရှေ့ ညောင်တုန်းမြို့ကွင်းနှင့် ဆက်စပ်ဒေသများဖြစ်သော ရေနက်ကွင်းများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးပြုလုပ်နိုင်ရန် စည်းရုံးဆောင်ရွက်ခဲ့သည်။ ထိုစိုက်ပျိုး၍ မရနိုင်သော မြေများကို များစွာသော ရင်းနှီးစရိတ် စိုက်ထုတ်နိုင်မည့် ပုဂ္ဂလိကကုမ္ပဏီများကို တာဝန်ပေးဆောင်ရွက်စေခဲ့သည်။ ယခုအခါ မအူပင်ခရိုင်အတွင်းတွင် ပုဂ္ဂလိကကုမ္ပဏီ ၂၂ ခုမှ မြေအောက်ရတနာဖော်ထုတ်ရေးကို ရည်မှန်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း တွေ့ရှိရလေသည်။

မအူပင်ခရိုင်အတွင်း မြစ်ကူးတံတားကြီးနှစ်စင်းဖြစ်သည့် **ဗိုလ်မြတ်ထွန်းတံတား**နှင့် **မအူပင်တံတား**ကို နိုင်ငံတော်ငွေကြေးမြောက်မြားစွာ ရင်းနှီးတည်ဆောက်ပေးခဲ့သောကြောင့် မအူပင်ခရိုင်သည် တစ်မုဟုတ်ချင်း ဖွံ့ဖြိုးတိုးတက်လာသည်။

၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ မအူပင်ဒေသရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ လာရောက်စစ်ဆေးစဉ် ဗိုလ်ချုပ်ကြီးက "မအူပင်ဒေသတွင် တက္ကသိုလ်၊ နည်းပညာကောလိပ်နှင့် ခုတင် ၂၀၀ ဆံ့အထူးကုဆေးရုံကြီးတို့ကို တည်ဆောက်လျက်ရှိရာ မကြာမီခံ့ညားထည်ဝါစွာ ပေါ်ထွန်းလာပြီး မအူပင်ဒေသသည်လည်း ဖွံ့ဖြိုးစည်ပင်လာတော့မည်ဖြစ်ကြောင်း ထိုကဲ့သို့ ပြောင်းလဲတိုးတက်လာမည့် အခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် မြို့ကိုလည်း မြို့အင်္ဂါရပ်များနှင့်အညီ လမ်းများတိုးချဲ့အဆင့်မြှင့်တင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စိမ်းလန်းသာယာရေး၊ ရေ၊ မီးကောင်းမွန်ရေးစသည့် လုပ်ငန်းများကိုလည်း အဆင်ပြေချောမွေ့မှုရှိအောင် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မှန်ကန်သော စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် မိမိတို့မြို့ရွာဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြဖို့လိုကြောင်း" မှာကြားခဲ့သည်ဟု သိရပေသည်။

မအူပင်ခရိုင်၏ ၂၀၀၀-၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီအို ဗွီ)အကောင်အထည်ဖော်မှု ၂၈၄၆၅၄၄ဖြစ်၍ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် တန်ဖိုး ၃၃၇၀၀၉၇၄ ဖြစ်လျက် ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ၉၄ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့သောကြောင့် ၁၈ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု သိရပေသည်။

မအူပင်ခရိုင်၏ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် အသားတင်စိုက်ဧရိယာလယ် ၆၀၇၃၅၈ ဧက၊ ကိုင်းကျွန်း ၈၅၆၆၁ ဧက၊ ဥယျာဉ် ၂၅၀၀၁ ဧက၊ ဓနို ၂၁ ဧကဖြစ်ရာ အသားတင်စိုက်ပျိုးဧရိယာ ၇၁၈၀၄၁ ဧက ရှိခဲ့လေသည်။

၂၀၀၁-၂၀၀၂ ခုနှစ်တွင် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီ ၂၂ ခုမှ မြေဧရိယာ ၁၅၉၂၅၂ ဧက ယူထားပြီး၊ ဖော်ထုတ်ပြီးမြေဧရိယာ ၇၃၃၁၇ ဧကတွင် မိုးစပါး ၁၀၇၉၀ စိုက်ပျိုးခဲ့၍ နွေစပါး ၁၇၃၉၄ ဧက၊ ဂုန်လျှော် ၄၇၁ ဧကနှင့် ဆောင်းသီးနှံဖြစ်သော ဆီထွက်သီးနှံ၊ ပဲလွန်း၊ မတ်ပဲ၊ ပြောင်းနှင့် ငရုတ် ၁၀၁၇ ဧကကိုလည်း စိုက်ပျိုးခဲ့ကြောင်း သိရပေသည်။

မအူပင်ခရိုင်အတွင်း ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကြက်ကောင်ရေ ၁၆၆၆၀၀၊ ဝက် ၇၉၃၉ ကောင် မွေးမြူခဲ့သည်ဟု သိရပေသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဧရာဝတီတိုင်းအနေဖြင့် ၂၀၀၁-၂၀၀၂ ခုနှစ်ကုန်တွင် ငါးမွေးကန်ဧက ၄၀၀၀၀ တိုးချဲ့တူးဖော်မွေးမြူပြီးစီးရန် လျာထားရာတွင် မအူပင်ခရိုင်အနေဖြင့် ငါးမွေးကန်ဧက ၃၃၇၁၄ ကို တူးဖော်ရန် လျာထားသတ်မှတ်ခဲ့ပြီး ၁၄-၃-၂၀၀၂ ရက်နေ့အထိ ၂၅၃၇၈ ဧက တူးဖော်ရန် ၈၃၃၆ ဧက ကျန်ရှိသဖြင့် ၇၅ ဒသမ ၂၇ ရာခိုင်နှုန်း တူးဖော်ပြီးခဲ့သည်ဟု သိရပေသည်။

ယခုတစ်ဖန် ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် မအူပင်တက္ကသိုလ်ဖွင့်ပွဲ အခမ်းအနားကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော်အကြီးအကဲများ ကြွရောက်ဖွင့်လှစ်ခဲ့ပါသည်။ ဤသို့ နိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးရေးဒေသဟု သတ်မှတ်ထားသော ဇုန်များတွင် ဒေသဖွံ့ဖြိုးရေးအတွက် အနာဂတ်ဖွံ့ဖြိုးရေးအမွေများ ပေးခဲ့ပါသည်။ ထိုသို့ အမွေများပေးရာတွင် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ပညာရေးအမွေများကို ဟန်ချက်ညီစွာပေးခဲ့ကြောင်း တွေ့ရပေသည်။

စာရေးသူကို မအူပင်တက္ကသိုလ်မှ ပါမောက္ခချုပ်၏ ဖိတ်ကြားချက်အရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အပေါ် ညှိနှိုင်းရာတွင် သတ္တဗေဒပါမောက္ခကြီးမှ မအူပင်တက္ကသိုလ်ကို အခြေခံ၍ဒေသအတွင်း မွေးငါးဆေးထိုးသားဖောက်လုပ်ငန်း ဆောင်ရွက်မည့်ကိစ္စ၊ ဘူမိဗေဒပါမောက္ခမှ ဒေသအတွင်း ရွှံ့နှင့်အုတ်ဖုတ်လုပ်ငန်း၊ အိုးလုပ်ငန်းများလေ့လာရန်ကိစ္စ၊ မြန်မာစာပါမောက္ခကြီးမှ "အမျိုးသမီးစွမ်းဆောင်ရှင် မအူပင်သူ ဒေါ်မမခင်"၏ စာတမ်းစသည့်ဖြင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၏ တက္ကသိုလ်သင်ခန်းစာနှင့်အတူ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မည့် အနာဂတ်လုပ်ငန်းစဉ်များကို ကြားခဲ့ရလေသည်။ ကိုယ့်မြို့သားမဟုတ်သော တက္ကသိုလ်မှ ပညာရေးဝန်ထမ်းများ၏ စေတနာကို သိရှိလာရသောအခါ ဒေသခံပြည်သူတစ်ဦးဖြစ်သော စာရေးသူသည် "မွေခံထိုက်စေ" ဟူသော မြန်မာနှုန်းစံတစ်ခုကို သတိပြုလာမိတော့သည်။

မြန်မာရိုးရာအမွေခန်းတွင် မြန်မာဓမ္မသတ်အဖုံဖုံက အမွေခံထိုက်သောသားခြောက်ဦးနှင့် အမွေခံ မထိုက်သော သားခြောက်ဦးကို ဤသို့ ဖွင့်ဆိုထားသည်။ ဩရသရင်မှဖြစ်သော သားခေတ္တဇ၊ ကျွန်မနှင့် သင့်နေရာမှ မွေးသောသားဟောဋ္ဌိမ၊ အမြောင်မယားသား ပုဗ္ဗက၊ မယားပါလင်ပါအထက်သားနှင့် အပတိဋ္ဌကောက်ယူ၍ မွေးသောသားဟူ၍ အမွေခံထိုက်သောသား ခြောက်ဦးကို ပြဆိုထားပါသည်။ အမွေမခံထိုက်သော သားခြောက်ဦးမှာ ဒိန္နက သူတစ်ပါးပေး၍ရသောသား၊ အဟောဃ ဝယ်၍ရသောသား ပုနာနုဗ္ဗဝ၊ မိမိမယားသူ တစ်ပါးနှင့် ပျော်ပါး၍ရသောသား ကိဋ္ဌိဟ၊ ကစားမြူးထူးရာမှရသောသား သွာနုတ္တ၊ မိဘစကားနားမထောင် ရန်သူနှင့် တူသောသားဟူ၍ သတ်မှတ်ထားလေသည်။ အမွေခံထိုက်ဆုံးသောသားမှာ အမွေခံထိုက်သည့်သား ခြောက်ဦးအနက် ဩရသရင်မှဖြစ်သောသားဖြစ်သည်။

ကိုင်းစား မနုရာဇာ၏ ဖြတ်ထုံးတစ်ခုတွင် "ဓမ္မသတ်ထုံးအရ အမွေရရှိသော်လည်း၊ ရရှိသောအမွေကို လောကဓမ္မမျှတအောင် မသုံး တိုးပွားခက်ရှည်ရန်မဖန်၊ အမွေခံသူလက်ထက်တွင် ပျက်စီးဆုံးပါးပါက အမွေခံထိုက်သူမဟုတ်ကြောင်း" စီရင်ချက်နှင့်အတူ "အမွေခံထိုက်စေ"ရန် ဆုံးမခဲ့ဖူးလေသည်။

မြန်မာနိုင်ငံသားတို့သည် နိုင်ငံတော်၏ ဩရသရင်မှဖြစ်သော သားများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရမှ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးစသည် အနာဂတ်ဖွံ့ဖြိုးမှု အမွေပေးခဲ့ပြီးဖြစ်ရာ အမွေခံထိုက်သော ရင်နှစ်သည်းချာသားရတနာများဖြစ်သောကြောင့် ထိုအမွေကို အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးရေး၌ ခက်လက်ဝေဖြာတိုးဖွံ့သာစေရန်၊ ပြည်တွင်းပြည်ပ အဖျက်သမားတို့၏ ရန်မှကာကွယ်ရန်၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေ၍ နိုင်ငံတော်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပျက်သုဉ်းရန် အကြံနှင့်နှောင့်ယှက်ဟန့်တားပိတ်ဆို့သူများရန်မှ ကာကွယ်ရန် "အမွေခံ ထိုက်စေ"သော သားများဖြစ်ရေးအတွက် နိုင်ငံတော်တစ်ဝန်းလုံးနှင့် ဖွံ့ဖြိုးရေး ဇုန်များအတွင်းမှ စာရေးသူနှင့်တကွ ဒေသခံပြည်သူများ၊ လူ့စွမ်းအားအရင်း အမြစ်များသည် "မွေခံထိုက်စေ"ရေးတာဝန်ကို ကြိုးပမ်းကြပါစို့ဟု နှိုးဆော်တင်ပြလိုက်ရပါသတည်း။ ။

စပါးနှင့်ငါး နှစ်သီးစား ကျေးလက်ဖွံ့ဖြိုး ပြည်သူ့အကျိုး

လှထွန်း (တွံတေး)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာန၏ ဖိတ်ကြားချက်အရ ဒုတိယအကြိမ် ခရီးထွက်ရပါသည်။ ဤအကြိမ်တွင် မွေးရပ်မြေနှင့် နယ်ချင်းဆက်စပ်နေသည့် ဒေသသို့ သွားရသည်။

မြန်မာနိုင်ငံတွင် ဧရာဝတီဟူသော ဝေါဟာရသည် အလွန်ထင်ရှား လူသိများသည်။ မြန်မာနိုင်ငံသာမက ကမ္ဘာသို့တိုင် ကျော်ကြားသည်။ မြန်မာတို့၏ ဧရာဝတီ မြစ်သည် တရုတ်နိုင်ငံ၏ ယန်စီမြစ်နှင့် နှိုင်းယှဉ်တင်စား ဖော်ပြခံရသည်။

ယခုအကြိမ် သွားရသည့်ခရီးမှာ မြန်မာတို့ အဓိက စားသုံးသည့် ဆန်စပါးအများဆုံး ထွက်ရှိရာ မြန်မာနိုင်ငံ၏စပါးကျီဟုတွင်သည့် ဒေသသို့သွားရသည်။ ဤဒေသကား မြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီတိုင်း နယ်မြေဖြစ်ပါသည်။ တိတိကျကျဆိုပါက ဧရာဝတီတိုင်း ပုသိမ်ခရိုင်ဖြစ်ပါသည်။

ဇူလိုင်လ ၂၄ ရက်မှ ၂၅ ရက်နေ့အထိ တစ်ညအိပ်ခရီးအဖြစ် မော်တော်ယာဉ်ဖြင့် သွားခဲ့ကြသည်။ လိုက်ပါသူများကား စုံစုံလင်လင် ရှိလှသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးညီညီလွင်နှင့် ဦးလှဝင်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးခင်ကိုလေး၊ ဗိုလ်မှူးမြင့်ဦးနှင့် တာဝန်ရှိသူများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာရေးသူနှင့် မြန်မာ့အလင်းစာတည်း ဦးစိန်ရွှေ၊ ကြေးမုံအကြီးတန်းသတင်းထောက် ဦးသန့်ဇင်ထွန်း၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း) အငယ်တန်းသတင်းထောက် ဦးအေးသန်းတို့လေးဦး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအဖွဲ့၊ MRTV-3 အဖွဲ့နှင့် ထိုင်းနိုင်ငံမှ ဧည့်သည်နှစ်ဦး အပါအဝင် စုစုပေါင်း ၂၀ ဦး ပါဝင်သည်။

သွားလာမှု လျင်မြန်လွယ်ကူ

ရှေးယခင်က ပုသိမ်သို့သွားပါက ရေယာဉ်ဖြင့် သွားလေ့ရှိသည်။ အစိုးရပိုင် ပုသိမ်အမြန်သင်္ဘောများ၊ ပုဂ္ဂလိကပိုင် ရေယာဉ်များဖြင့် သွားကြသည်။ စုစုပေါင်း ၁၄ နာရီခန့် သင်္ဘောစီးရသည်။ ယခုအခါ လမ်းပန်းဆက်သွယ်မှု အထူးပင်ဖွံ့ဖြိုးတိုးတက်လာသည်။ လမ်းများ၊ တံတားများ အသစ်တည်ဆောက်မွမ်းမံပြင်ဆင် ထားသဖြင့် သွားလာမှုပိုမိုလျင်မြန်လွယ်ကူလာသည်။ မော်တော်ကားဖြင့် သွားပါက သုံးနာရီကျော်ဖြင့် ရောက်နိုင်သည်။ ကားအမျိုးအစား ကောင်းပါက နှစ်နာရီခွဲဖြင့်ပင် ရောက်နိုင်သည်။ ခရီးအကွာအဝေးမှာ ၁၁၄ မိုင် ဖြစ်သည်။

ပုသိမ်မှ မော်တော်ယာဉ်ဖြင့် ခရီးဆက်သော် သာယာလှပသော ချောင်းသာကမ်းခြေသို့ ၃၄ မိုင်ခန့် ဆက်သွားရသည်။ မြန်မာပြည်တွင် အသာယာဆုံး ပင်လယ်ကမ်းခြေမှာ ငပလီဖြစ်သည်။ ဖြူလွလွ သဲသောင်ပြင်မှာ စွဲမက်စရာအတိဖြစ်သည်။ စာရေးသူသည် တပ်မတော်ရေတပ်တွင် တာဝန် ထမ်းဆောင်စဉ် ရခိုင်ပြည်နယ်၌ နှစ်ကြိမ်တိတိ တာဝန်ယူရသည်။ ပထမအကြိမ်မှာ မြစ်တွင်းတိုက်ရေယာဉ် (၃၀၄)တွင် ဒုတိယစစ်ရေယာဉ်မှူး ဘဝ၊ ဒုတိယအကြိမ်မှာ ကမ်းခြေ စောင့်တိုက်ရေယာဉ် (၁၁၀) တွင် စစ်ရေယာဉ်မှူး ဘဝဖြစ်သည်။ ထိုစဉ် ငပလီပင်လယ်ကမ်းခြေသို့ အကြိမ်ကြိမ် ရောက်ဖူးသည်။ ငပလီပင်လယ်ကမ်း ခြေပြီးလျှင် ချောင်းသာ ပင်လယ်ကမ်းခြေ၏ သဲသောင်ပြင်သည် ဒုတိယလိုက်သည်ဟု ဆိုကြသည်။

ငွေဆောင်

အခြားပင်လယ်ကမ်းခြေမှာ ငွေဆောင်ဖြစ်သည်။ ယခု နှစ်ပိုင်းအတွင်း ထင်ပေါ်ကျော်ကြား လူသိများလာသည်။ ခေတ်မီဟိုတယ်ကြီးများဖြင့် ဧည့်သည်များကို ငံ့လင့်ကြိုဆို နေသည်။ ပုသိမ်မြို့မှ မိုင် ၃၀ ခန့်ကွာဝေးသည်။ ငွေဆောင် ပင်လယ်ကမ်းခြေ၏ သာယာကြည်နူးဖွယ် မြင်ကွင်းကို စာရေးဆရာ တက္ကသိုလ်တင်ခက မလေးရှားမှ လန်ကာဝီကျွန်းနှင့် ခိုင်းနှိုင်း တင်စားထားသည်။

စာရေးသူတို့အဖွဲ့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်း ရုံးချုပ်မှ ဇူလိုင် ၂၄ ရက် ညနေ ၃နာရီခွဲတွင် ငါးလုပ်ငန်း ဦးစီးဌာနမှ ဘီအမ်ဟီးနိုးကားငယ်ဖြင့် လိုက်ပါကြသည်။ လမ်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ကျများ ဝင်ခေါ်သည်။ ရာသီဥတုမှာ သာယာပြီး မိုးကင်းစင်နေပါသည်။ ညနေ ၄ နာရီတွင် ဘုရင့်နောင်တံတားကိုဖြတ်ကြသည်။ ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီမြစ်ဖြတ် ဗိုလ်မြတ်ထွန်း တံတားကြီးကို ဖြတ်ကျော်ချိန်မှာ ညနေ ၅ နာရီ ၁၅ မိနစ်ကျော်နေပါပြီ။ လမ်းတွင် မန်းကေသီစားသောက်ဆိုင်သို့ ခေတ္တ ဝင်နားကြသည်။ ပုသိမ်သို့မရောက်မီ နောက်ထပ်ဖြတ်ကျော်ရသည့် တံတားကြီးတစ်စင်းမှာ ဒါးကတံတားသစ်ကြီးဖြစ်သည်။ မကြာမီကမှ ဖွင့်လှစ်လိုက်သည့် တံတားသစ်ဖြစ်သည်။ ယခင်ကားနှင့်ရထားလမ်းတွဲလျက် ဖောက်ထားသည့် တံတားဟောင်းနှင့်ယှဉ်၍ ဖောက်ထားသည်။ ဝါဆိုလဖြစ်သဖြင့် နေ့တာရှည်ပါသည်။ ည ၇ နာရီခန့်ထိ နေ့အလင်းရောင် မပျောက်သေးပါ။ ကန်ကြီးဒေါင့်မြို့နယ် လွန်သော် ပုသိမ်သို့ ရောက်ကြသည်။ ထိုညက Paradise Hotel တွင် ညအိပ်ရပ်နားကြသည်။

နောက်တစ်နေ့ နံနက်တွင် ဟိုတယ်၌ ခရီးသည်ရောက်ရှိနေထိုင်မှု အခြေအနေကို စနည်းနာသည်။ နှစ်ယောက်ခန်း ၂၈ ခန်းအနက် ၂၄ ခန်း လူပြည့်သည်ဟု သိရသည်။ ပြည်တွင်း၊ ပြည်ပခရီးသည်များ ဝင်ရောက်တည်းခိုကြသည်။ မိုးတွင်းကာလ ပွင့်လင်းရာသီမဟုတ်သော်လည်း ခရီးသည်ရောက်ရှိမှုမှာ မဆိုးလှပါ။ Occupancy Rate မြင့်မားသည်ဟု ဆိုနိုင်သည်။ တရုတ်တိုင်ပေမှ ခရစ်ယာန်ဘာသာဝင် ခရီးသည်တစ်စုကို တွေ့ရှိရသည်။ ၁၀ ဦးခန့်ရှိသည်။

အခမ်းအနား ကျင်းပမည့်နေရာသို့ နံနက် ၈ နာရီခွဲ အရောက်လာကြသည်။ နေရာကား ကန်ကြီးဒေါင့်မြို့နယ် ခုံဇင်ကုန်းကျေးရွာ စပါးစိုက်ခင်းများရှေ့ရှိ ယာယီမဏ္ဍပ် ဖြစ်သည်။ ပုသိမ်မှ ၁၁ မိုင်ခန့် ကွာဝေးသည်။

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်လာကြသော လယ်သမားကြီးများအား စပါးနှင့်ငါးတွဲဖက် စိုက်ပျိုးမွေးမြူခြင်းဖြင့် ဝင်ငွေတိုးလာမည့်အကျိုးကျေးဇူးများကို တိုင်းမှူးဗိုလ်ချုပ်ဌေးဦးက ရှင်းလင်းပြောကြားစဉ်။

[ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)]

လက်တွေ့အကောင်အထည်ဖော်

အခမ်းအနားမှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်အရ စပါးခင်းများမှ ငါးများပိုမိုထွက်ရှိရေး စီမံချက်ကို လက်တွေ့အကောင်အထည်ဖော်ခြင်း ဖြစ်သည်။ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာနနှင့် ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းစီစဉ်သည့် အခမ်းအနားဖြစ်သည်။ ဧရာဝတီတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးကိုယ်တိုင် တက်ရောက်ချီးမြှင့်ပြီး အဖွင့်အမှာစကားပြောကြားသည်။ စပါးခင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးသည်။

အခမ်းအနားသို့ တိုင်းမှူး၏ဇနီး ဒေါ်နီနီဝင်း အမှူးပြုသော တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီဝင်များ၊ တိုင်းနှင့်ခရိုင်အဆင့်မှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူဦးကြီးများနှင့် ပြည်သူများ အင်တိုက်အားတိုက် တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်

အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်နီနီဝင်းနှင့် တာဝန်ရှိသူများ စပါးခင်းအတွင်း ငါးမျိုးများစိုက်ထည့်ပေးနေကြစဉ်။

[ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)]

တိုင်းမှူးနှင့်ဇနီးဒေါ်နီနီဝင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့်ဇနီး၊ တာဝန်ရှိသူများနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက စပါးခင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

အခမ်းအနားတွင် တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းမြင့်မောင်က စပါးနှင့်ငါးတွဲဖက် စိုက်ပျိုးမွေးမြူရေး စီမံချက်ကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများနှင့်အတူ ဒေသခံ တောင်သူဦးကြီးများအား စပါးခင်းအတွင်း စိုက်ထည့်မည့် ငါးမျိုးများ ပေးအပ်ကြသည်။

ထိုနေ့က ပုသိမ်မြို့နယ်နှင့် ကန်ကြီးဒေါင့်မြို့နယ် အတွင်းရှိ စပါးစိုက်ဧက ၅၀၀ စပါးခင်းများသို့ ငါးရှူ၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီးနှင့် တီလားပီးယားငါးမျိုးများကို တစ်ဧက ၅၀၀ နှုန်းဖြင့် ငါးကောင်ရေ နှစ်သိန်းခွဲကို စိုက်ထုတ်ပေးသည်။ ဆက်လက်၍လည်း ပုသိမ်၊ မအူပင်၊ မြောင်းမြနှင့် ဖျာပုံခရိုင်များအတွင်းရှိ စပါးခင်းများ အနက် ဧက ၁၈၅၀ စပါးခင်းများ အတွင်းသို့ ငါးမျိုးကောင်ရေ ၉ ဒသမ ၂၅ သိန်း စိုက်ထည့်ပေးသွားမည်ဟု သိရှိရသည်။

ထိုနေ့က တိုင်းမှူးဗိုလ်ချုပ်ဌေးဦးသည် အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ဒေသခံတောင်သူ ဦးကြီးများနှင့် ထပ်မံ၍ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ စပါးတစ်ဧကအထွက်နှုန်းတိုးရေး၊ ကုန်ကျစရိတ် လျော့နည်းသက်သာရေး၊ စပါးကိုစီးပွားဖြစ် ထုတ်လုပ်နိုင်ရေး၊ အထူးသဖြင့် ယူရီးယားဓာတ်မြေဩဇာအစားထိုး မိရိုးဖလာ သဘာဝမြေဩဇာများ စနစ်တကျအသုံးပြုရေးတို့ကိုရှင်းနီးစွာ တိုက်တွန်း ပြောကြားသည်။

ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံရှိ ပြည်နယ်၊တိုင်းများတွင် စပါးစိုက်ဧကအများဆုံးဖြစ်ပြီး စပါးထွက်များသော ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းသုံးတိုင်းတွင် စပါးအထွက်ဆုံးတိုင်းဖြစ်သည်။ ထို့ကြောင့်လည်း ဤဒေသကို မြန်မာနိုင်ငံ၏ စပါးကျီကြီးဟုပင် တင်စားထားကြသည်။ ယခုအခါ ဧရာဝတီတိုင်းသည် စပါးရိက္ခာ သာမက ငါးသားထုတ်လုပ်ရေး ကဏ္ဍတွင်လည်း ထိပ်ဆုံးက ပါဝင်နေသည်။

စပါးနှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူခြင်းကို လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀၀ ခန့်က အိန္ဒိယနိုင်ငံတွင် စတင် မွေးမြူခဲ့သည်ဟု သိရသည်။ ယခုအခါ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့တွင် မိရိုးဖလာလုပ်ငန်းတစ်ရပ်အဖြစ် အသားကျနေပြီဖြစ်သည်။

စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းဖြင့် တောင်သူလယ်သမားကြီးများ ရရှိနိုင်မည့် အကျိုးကျေးဇူးများ တင်ပြလိုပါသည်။ စပါးပင်ဖျက်ပိုးများကို ငါးများက စားသုံးပစ်တတ်သဖြင့် စပါးခင်းများတွင် ပိုးသတ်ဆေး သုံးစွဲရမှု လျော့သွားစေနိုင်သည်။ ထို့ပြင် ငါးများက စွန့်ထုတ်ပစ်သည့် ဘေးထွက်ပစ္စည်းများကြောင့် စပါးပင်များတွင် ဩဇာဓာတ် ဖြစ်ထွန်းစေပြီး စပါးအထွက်နှုန်းမှာ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ ပိုမိုတိုးတက်လာနိုင်သည်။

ထုတ်ဖော်ပြောကြား

ခရီးစဉ်တွင် ရန်ကုန်မှအတူ လိုက်ပါလာသည့် ထိုင်းနိုင်ငံသားနှစ်ဦးမှာ အရှေ့တောင်အာရှ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုမှ အစီအစဉ်မန်နေဂျာ မစ္စတာဆူရိယန်ဗီချီတယ်ကန်နှင့် မူဝါဒနှင့် အစီအစဉ် ညှိနှိုင်းရေးမှူး မီးစ်ပေါချာမန်ဝေါင်ဆန်လာတို့ဖြစ်သည်။ ငါးလုပ်ငန်း ဦးစီးဌာန၏ ဧည့်သည်အဖြစ် ဇူလိုင် ၂၃ ရက်မှ ၂၆ ရက်ထိ နေထိုင်ကြမည်ဖြစ်သည်။ ၎င်းတို့အား စပါးနှင့်ငါးအတူ စိုက်ပျိုးမွေးမြူမှု စီမံချက်ကိစ္စ မေးမြန်းကြည့်ရာ စပါးရိက္ခာလည်း အထွက်တိုးပြီး ဟင်းစားငါးလည်း အလွယ်တကူရရှိစေမည့် အကျိုးများသော လုပ်ငန်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် လုပ်ကိုင်နေသည်မှာ နှစ်ပေါင်း ၂၀ ကျော်ပြီဖြစ်ကြောင်း၊ ထိုင်းလယ်သမားများ အထူးစိတ်ဝင်စားကြကြောင်းဖြင့် ၎င်းတို့၏ သဘောထားကို ပွင့်လင်းစွာ ထုတ်ဖော်ပြောကြားသည်။

စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားများကို ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် အောင်မြင်စွာ ကျင်းပပြီးခဲ့ပေပြီ။ တောင်သူလယ်သမား ဦးကြီးများကလည်း ဥစ္စာရင်လို ဥစ္စာရင်ခဲကာ စိတ်ဝင်တစား အကောင်အထည်ဖော်ကြပေတော့မည်။ ဆက်လက်၍လည်း စပါးနှင့်ငါး ပူးတွဲစိုက်ပျိုးမွေးမြူခြင်းကို အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်ရန် ရှိပေသည်။

အပြန်ခရီးတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ဌေးဦး ပြောကြားချက်များကို ပြန်လည်အမှတ်ရလာသည်။ စပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို တစ်ပြိုင်တည်း ပြုလုပ်ခြင်းဖြစ်သဖြင့် တောင်သူဦးကြီးများအတွက် ဝင်ငွေတိုးစေပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးမှုကိုများစွာ အထောက်အကူဖြစ်ပေမည်။

ထို့ကြောင့် **စပါးနှင့်ငါး နှစ်သီးစား ကျေးလက်ဖွံ့ဖြိုး ပြည်သူ့အကျိုး**ဟူ၍ ကျူးရင့်လိုက်ပါသည်။ ။

✪ ရှေ့ဖုံးမှ

ဆရာတော်များ ကြွရောက်တော်မူကြပြီး ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရွှေဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလယ်တောရ ပရိယတ္တိစာသင်တိုက်မှ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသီဟထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဆရာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အချိန်အထိ မြစ်များ၊ ချောင်းများ ကာဆီးနေမှုကြောင့် သွားရေးလာရေးတွင် မည်မျှအခက်အခဲများ ရှိသည်ကို ဧရာဝတီတိုင်းသားတို့ ကိုယ်တွေ့ ကြုံတွေ့ခဲ့ကြရပြီးဖြစ်ကြောင်း။

၁၉၈၈ခုနှစ်တွင် ဧရာဝတီတိုင်း၌ လမ်းမိုင် ၄၀၀ကျော်သာရှိခဲ့ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် လမ်းများ တစ်ဆက်တစ်စပ်တည်းဖြစ်လာအောင် တံတားများ၊ လမ်းများကို တည်ဆောက်ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ရာ ယခုအခါ သွားလာရေးလွယ်ကူမြန်ဆန်သွားပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ မြောင်းမြခရိုင်သည်လည်း တိုးတက်ဖွံ့ဖြိုးလာလျက်ရှိကြောင်း၊ ယင်းတိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်ကို ထပ်ဆင့်မြှင့်တင်သွားနိုင်ရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အလားအလာကောင်းရရှိ

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးက မြောင်းမြဒေသတွင် ယခင်က ပြည်တွင်း သောင်းကျန်းမှုများ ဖြစ်ပေါ်ပြီး တည်ငြိမ်အေးချမ်းမှု မရှိခဲ့ကြောင်း၊ ယခုအခါ တည်ငြိမ်အေးချမ်းမှု ရှိလာသည်နှင့်အမျှ မြောင်းမြဒေသသည် ဘက်စုံက အခြေအနေကောင်း၊အလားအလာကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူ ညီညီညွတ်ညွတ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ဟင်္သာတခရိုင်နှင့် ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ အင်္ဂပူ၊ မြန်အောင်နှင့် ကြံခင်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပုသိမ်ခရိုင်နှင့် ပုသိမ်၊ ကျောင်းကုန်း၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ရေကြည်၊ ကျုံပျော်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဋ္ဌေးဦးက ဧရာဝတီတိုင်း၏ ၂၀၀၂-၂၀၀၃ခုနှစ် စုစုပေါင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) အခြေအနေ၊ ယခုနှစ်မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှုများ၊ ငါးမွေးမြူရေးလုပ်ငန်း၊ ရေချို ရေငန် ပုစွန်မွေးမြူရေးလုပ်ငန်း၊ သဘာဝပင်လယ်ပြင်တွင် ကျောက်ငါးမွေးမြူမှုလုပ်ငန်း၊ လှောင်အိမ်စနစ်ဖြင့် ငါးတန်မွေးမြူမှုလုပ်ငန်းများ၊ ၂၀၀၃-၂၀၀၄ခုနှစ်တွင် အဓိကသီးနှံစိုက်ပျိုးနိုင်မှုများ၊ သီးနှံစိုက်စွမ်းအား တိုးတက်ရေးဆောင်ရွက်နေမှုများ၊ ငရုတ်ကောင်း၊ ကော်ဖီ၊ သစ်ဆိမ့်၊ ကျွန်းစိုက်ပျိုးမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဒေသထွက်သဘာဝမြေဩဇာ ပိုမိုအသုံးပြု ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဦးစိုးသာက နှစ်တိုစီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ၊ ဧရာဝတီတိုင်း၏ စီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ နိုင်ငံတော်၏ စီးပွားရေးကို ပါဝင်အထောက်အကူပြုနေသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

တွေ့မြင်ခံစားနေရ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ မိမိတို့နိုင်ငံဝန်ထမ်းများသည် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအင်အားကို ရယူ၍ ကိုယ်စွမ်းကိုယ်စ၊ ကိုယ်ပိုင်အရည်အသွေးများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တွေ့မြင်ခံစားနေရပြီဖြစ်ကြောင်း။

ကိုယ့်ခွန် ကိုယ့်အားဖြင့် တည်ဆောက်ရယူထားသော တိုးတက်မှုအသီးအပွင့်များကို မိမိတို့အားလုံး တန်ဖိုးထားကြရမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ် သွားကြရမည်ဖြစ်ကြောင်း။

တာဝန်ရှိ

ပြည်သူတို့သည် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားတောင့်တ မြတ်နိုးကြသည်ဖြစ်ရာ နယ်မြေဒေသအလိုက် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပိုမိုဖော်ဆောင်သွားရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ဝန်ထမ်းများ၌ တာဝန်ရှိကြောင်း။

အထူးသဖြင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများက မိမိတို့ဒေသအတွင်း ပြည်သူ့အကျိုးစီးပွား သယ်ပိုးရန်ရှိသည်များကို လွယ်ကူချောမော ပြေပြစ်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ဆက်သွယ်ညှိနှိုင်း ပေါင်းကူးပေးနိုင်ရန်နှင့် ဦးဆောင်ဦးရွက်ပြုနိုင်ရန် လိုအပ်ကြောင်း။

မိမိတို့ဒေသ၊ မိမိတို့တိုင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင် ဥစ္စာရင်လို ဥစ္စာရင်ခဲ့ပြီး ဆက်လက်ကြိုးပမ်း လုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဓိကအားထားရ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာ၌ ဧရာဝတီတိုင်းသည် နိုင်ငံတော်အတွက် စီးပွားရေးအရ အဓိကအားထားရသော တိုင်းကြီးများအနက် တိုင်းနယ်မြေတစ်ခုဖြစ်ကြောင်း။

လက်ရှိစိုက်ပျိုးရေး ကုန်ထုတ်လုပ်မှု အခြေအနေအရ နိုင်ငံတော်၏ လက်ရှိလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရုံသာမက ပိုလျှံမှုရှိနေသော်လည်း ထပ်မံတိုးပွားဖြစ်ပေါ်လာမည့် လူဦးရေအတွက် မျှော်မှန်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကြိုတင်တိုးချဲ့ လုပ်ကိုင်ဆောင်ရွက်နေရကြောင်း။

တွေ့ဆုံ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီတွင် မြောင်းမြမြို့ နောင်ရိုးခန်းမ၌ မြောင်းမြခရိုင်နှင့် မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲ၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အေးက ခရိုင်အတွင်း မြို့နယ်ငါးမြို့နယ် ဖွဲ့စည်းတည်ရှိမှု၊ ခရိုင်၏စီးပွားရေးစီမံကိန်းရည်မှန်းချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တိုစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းများ ဆောင်ရွက်ရာတွင် ရည်မှန်းချက်များထက် သာလွန်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုများ၊ ကဏ္ဍအလိုက်စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် ဧရာဝတီတိုင်းက ပါဝင်ဆောင်ရွက်နေသည့် အခန်းကဏ္ဍများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကိုယ်တွေ့ကြုံခဲ့

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လွန်ခဲ့သော ၁၀နှစ်ကျော်ခန့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ဟင်္သာတမြို့ အစိုးရနည်းပညာကောလိပ်တွင် ဆရာ ၊ဆရာမများအား နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပူးပေါင်း ဆောင်ရွက်ခဲ့မှုကြောင့် တိုးတက်မှုများ ရရှိနေခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဌာနဆိုင်ရာများအားတွေ့ဆုံအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့ရှိ ရွှေဗုဒ္ဓေါစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့သို့ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြောင်းမြမြို့ သာသနာ့ဗိမာန်၌ ကျင်းပသည့် မြောင်းမြမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားတွင် ပရိက္ခရာရှစ်ပါးကို မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင်အား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အနည်းဆုံးလူဦးရေ သန်း ၁၀၀အတွက် မကြောင့်မကျ ဖူလုံမှုရှိရှိ စားသုံးနိုင်အောင် မိမိတို့ စီမံဆောင်ရွက်ရာ၌ ယခု၂၀၀၃-၂၀၀၄ခုနှစ်တွင် စုစုပေါင်း စပါးတင်း သန်း ၁၂၀၀ ထွက်ရှိအောင် ရည်မှန်းချက်ချမှတ်ပြီး ဖိဖိစီးစီး တွန်းအားပေးလုပ်ကိုင်နေကြောင်း။

ဆန်စပါးရောင်းဝယ်ရေး မူဝါဒသစ်ချမှတ်လိုက်သည့်အတွက် ယခုနှစ်တွင် တောင်သူလယ်သမားများသည်လည်း ဆန်စပါးကို အားကြိုးမာန်တက်တိုးချဲ့စိုက်ပျိုးလျက်ရှိကြရာ ရည်မှန်းချက်အတိုင်း ဆန်စပါးထွက်ရှိမည်ဟု ခန့်မှန်းရရှိကြောင်း။

အတတ်နိုင်ဆုံးဖြည့်ဆည်း

နိုင်ငံတော်အပိုင်းက မူဝါဒအရသာမက ဒေသအလိုက် စိုက်ပျိုးရေးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်း မြင့်မားရေးအတွက် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤသည်တို့မှာ နောင်လာနောက်သား သားစဉ်မြေးဆက်အထိ စားသုံးမှုဖူလုံအောင်၊ လူနေမှုအဆင့်အတန်းမြင့်မားအောင် ရည်မှန်းလုပ်ဆောင်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ပြည်တွင်းမှာသာရှိ

မိမိတို့တိုင်းပြည်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ကိုယ်တိုင် ညီညီညွတ်ညွတ် အားထုတ်ကြိုးပမ်းလုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိကြောင်း။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တက်ညီလက်ညီ ဖွဲ့ရှိရှိ ပူးပေါင်းဆောင်ရွက်သည်နှင့်အမျှ မိမိတို့ရည်မှန်းချက်ကို အမြန်ရောက်ရှိမည်ဖြစ်ကြောင်း။

တိုင်းပြည်တည်ဆောက်ရေး၌ ပညာတတ်များ၊ ထက်မြက်သောလူ့စွမ်းအားအရင်းအမြစ်များ အမှန်လိုအပ်ရာ ဒေသအလိုက်ဖွင့်လှစ်ထားသော တက္ကသိုလ်၊ ကောလိပ်များက ထူးချွန်ထက်မြက်သော ပညာရှင်များ ထွက်ပေါ်လာအောင် ပြုစုပျိုးထောင်ကြရမည်ဖြစ်ကြောင်း။

သုံးသပ်ဆင်ခြင်

အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျခဲ့ရသော မိမိတို့နိုင်ငံကို ခေတ်မီတိုးတက်အောင် မိမိတို့နိုင်ငံသားများကပင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အပြုနှင့် အဖျက်၊ အကောင်းနှင့် အဆိုးကို သုံးသပ်ဆင်ခြင်၍ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ထိထိရောက်ရောက် သယ်ပိုးကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆွမ်းဆန်တော်လှူဒါန်း

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၃၀ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ သာသနာ့ဗိမာန်၌ ကျင်းပသည့် ပုသိမ်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ဆွမ်းဆန်တော် လှူဒါန်းပွဲအခမ်းအနားသို့ ပုသိမ်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များမှ နိုင်ငံတော်ဩဝါဒါစရိယနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ တိုင်းနှင့် မြို့နယ် သံဃနာယက ဆရာတော်များ ကြွရောက်တော်မူကြပြီး တိုင်း၊ ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းသံဃနာယကအဖွဲ့(ဝေဠုဝန်) ဥက္ကဋ္ဌ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆွမ်းဆန်တော်ဆက်ကပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာအေးကျောင်းဆရာတော် ဘဒ္ဒန္တသီရိန္ဒရအား ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော် တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆရာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းသံဃနာယကအဖွဲ့ ရွှေကျင်ဥက္ကဋ္ဌ မောင်းထောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမဟောသဓ ပဏ္ဍိတထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပုသိမ်တက္ကသိုလ်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ပုသိမ်တက္ကသိုလ်သို့ ရောက်ရှိကြရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဦးချို၊ ဒုတိယပါမောက္ခချုပ် ဦးထွန်းသိန်းတို့က ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပုသိမ်တက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကွန်ပျူတာကောလိပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြပြီး တာဝန်ခံကျောင်းအုပ် ဒေါ်မိမိဟန်နှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံနှုတ်ဆက် မှာကြားသည်။

ထို့နောက် ပုသိမ်မြို့ အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြပြီး အစိုးရနည်းပညာကောလိပ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရှင်းလင်းဆောင်၌ အစိုးရနည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ရီရီမြင့်က ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ အာကာဦးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမျိုးအောင်က ပုသိမ်မြို့ အစိုးရနည်းပညာကောလိပ် အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များ မှာကြားသည်။

ဟင်္သာတသို့ရောက်ရှိ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ဟင်္သာတမြို့သို့ ရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ အင်္ဂပူတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့် ဟင်္သာတခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့ မဟာအတုလသကျရံသီ ဆယ်ထပ်ကြီးဘုရားသို့ သွားရောက်ပြီး ဘုရားအာရုံခံတန်ဆောင်း၌ ကျင်းပသည့် ဟင်္သာတမြို့ပေါ်ရှိ ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ မြို့နယ်သံဃနာယက ဆရာတော်များ ကြွရောက်တော်မူကြပြီး ဟင်္သာတခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မဟာဒွါရနိကာယသာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဟင်္သာတမြို့ မဟိတာရုံကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဣန္ဒြိယာသာဘထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မဟာဒွါရနိကာယ သာသနာပိုင် ဆရာတော်အား ပရိက္ခရာရှစ်ပါး၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဆရာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာဒွါရ နိကာယ သာသနာပိုင် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ပုံစံကားချပ်စစ်ဆေး

ဆွမ်းဆန်တော် လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဟင်္သာတခရိုင် သာသနာ့ဗိမာန် တည်ဆောက်မည့်နေရာနှင့် သာသနာ့ဗိမာန် ပုံစံကားချပ်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂နာရီတွင် ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ဟင်္သာတခရိုင်နှင့် ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ အင်္ဂပူ၊ မြန်အောင်နှင့် ကြံခင်းမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပုသိမ်မြို့ သာသနာ့ဗိမာန်၌ ကျင်းပသည့် ပုသိမ်မြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်အား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာအရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၂:၀၀ ၆။ Weekly International Sports.
- ၂:၀၅ ၇။ **ဘောလုံးစကား နားထောင်ကြားက [ကျော်သူ၊ ပြည်ခန့်၊ စုံမက်နှင်း၊ စောနိုင်(ရှမ်းပြည်)၊ မေသူ] (ဒါရိုက်တာ-သက်တင်)**
- ၂:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၄၅ ၉။ International News.
- ၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၁၅ ၃။ English For Everyday Use.
- ၄:၃၅ ၄။ တေးဂီတအစီအစဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၅:၀၀ ၆။ **ပွင့်ဦးကြွေ ဘယ်သူခြွေ (စည်သူတင်စိုး၊ လှိုင်ဖြူဖြူထွက်း၊ သုနော်၊ သက်ထားဦး) (ဒါရိုက်တာ-ဝေမှိုင်းညို) (ရှမ်းဘာသာစကားဖြင့်)**
- ၅:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၅:၂၅ ၈။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၅:၄၀ ၉။ တေးဂီတအစီအစဉ်
- ၅:၅၀ ၁၀။ ချစ်စရာအရွယ်ကစားကြမယ်
- ၆:၁၅ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Discovery.
- ၇:၂၀ ၁၅။ မိခင်နို့တိုက်ကျွေးနည်းစနစ်နှင့် ဖြည့်စွက်စာကျွေးနည်းသိကောင်းစရာများ
- ၇:၃၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၄၀ ၁၇။ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ ကျောက်ဆည် (အင်းကုန်း)
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း အချစ်တွင်ပျော်ဝင်သွားသောမာနများ (အပိုင်း-၁) (ဒွေးစိုးမြတ်သူဇာ၊ခိုင်နှင်းဝေ၊ လှမျိုးသဉ္ဇာနွယ်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

လမ်း(၅၀)ဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅)ရပ်ကွက် လမ်း(၅၀) (အောက်လမ်းသွယ်)ဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးကုတ် ဓမ္မကထိက ဘဒ္ဒန္တမာလာစာရ(ဓမ္မာစရိယ) အရှင်သူမြတ်က ပဋိစ္စသမုပ္ပာဒ်တရားတော်များကို ဩဂုတ် ၄ရက်မှ ၁၀ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ ညစဉ် ၈ နာရီမှစ၍ တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီးတို့ (၇၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်နေ့ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံစစ်သံမှူး Senior Col. Xu Shulai က ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

အုတ်ဖိုမြသိန်းတန်ရိပ်သာ တရားစခန်း

ရန်ကုန် ဩဂုတ် ၁

ရွှေပြည်သာမြို့နယ် အုတ်ဖို မြသိန်းတန်ဓမ္မရိပ်သာ၌ (၃၄)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းကို ဩဂုတ် ၅ရက် နံနက်၈နာရီမှ ဩဂုတ် ၁၂ရက်အထိ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း၏ တပည့်များက ပို့ချမည်ဖြစ်သည်။ မည်သူမဆို တရားကျင့်နိုင်ပြီး ယောဂီများအား ဖွင့်မည့်နေ့ နံနက် ၇နာရီတွင် မင်္ဂလာဇျူဟာ အသင်းချုပ်က ရွှေပြည်သာသို့ မော်တော်ယာဉ်ဖြင့် အခမဲ့ ပို့ဆောင်ပေးမည်ဟု သိရသည်။ (က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နှစ်ပတ်လည် ဂုဏ်ပြုဆုပေးပွဲနှင့် အငြိမ်းစားများ၊ကျောင်းနေ သားသမီးများအား ထောက်ပံ့ခြင်း အခမ်းအနားတွင်အကြံပေးအရာရှိ ဦးရဲတင့်အား ဂုဏ်ပြုဆု ပေးအပ်ချီး မြှင့် စဉ်။
(ကြေးမုံ)

*** ပြန်ကြားရေးမှ** ညွှန်ကြားရေးမှူး(စီမံ) ဦးစိုးဝင်းက ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်ကို ဖတ်ကြားကြေညာသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယခု အခမ်းအနားသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နိုင်ငံတော်၏ ဂုဏ်ပြုချီးမြှင့်ခံရသူများ၊ တစ်နှစ်ပတ်လုံး ခွင့်ရက်မယူဘဲ တာဝန်ထမ်းဆောင်ခဲ့သူဝန်ထမ်းများ၊ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသူ ဝန်ထမ်းများကို ဂုဏ်ပြုရင်း အငြိမ်းစားဝန်ထမ်းများနှင့် ကျောင်းနေ သားသမီးများကိုလည်း ထောက်ပံ့ချီးမြှင့်သည့် အခမ်းအနားဖြစ်၍ မင်္ဂလာရှိသော နေ့တစ်နေ့အဖြစ် ဂုဏ်ပြုပြောကြားလိုကြောင်း။

ပိုမိုကောင်းမွန်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်သည့်အပြင် ဝင်ငွေနှင့် အသုံးစရိတ် အချိုးမှာလည်း ၂၀၀၂-၂၀၀၃ခုနှစ်ထက် ၂၀၀၃-၂၀၀၄ခုနှစ်တွင် ပိုမိုကောင်းမွန်လာကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့် တစ်ဖက်မှ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်သကဲ့သို့ အခြားတစ်ဖက်မှလည်း ခြိုးခြံချွေတာရေးကို ဆောင်ရွက်ရေးတို့နှင့်လည်း ကိုက်ညီစွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

တိုးတက်လာ

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေသော သတင်းစာများကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ဝန်ထမ်းများ၏ ကြိုးပမ်းမှုကြောင့် ပိုမိုတိုးတက်လာသည်ကို တွေ့ရကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ခဲ့သည်ကို ထပ်မံ၍ ပိုမိုတိုးတက်အောင်မြင်အောင် ဆက်လက်ကြိုးစားကြရန်ဖြစ်ကြောင်း၊ ဝန်ထမ်းတိုင်းသည် တာဝန်သိ၍ တာဝန်ကျေအောင် ဆောင်ရွက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ အမြင်လေးမြင့်ဖြင့် ဆောင်ရွက်ရေး၊ အရာရာကို သုံးသပ်ချင့်ချိန်ဆောင်ရွက်ရေးနှင့် ခြိုးခြံချွေတာရေးတို့ကို အလေးမူ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် မှာကြားလိုသည်မှာ ဝန်ထမ်းအားလုံးသည် ယခု အခမ်းအနား၏ အားအင်သစ်များဖြင့် စည်းလုံးညီညွတ်စွာ မိမိတို့၏ ဌာန ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခက နှစ်ပတ်လည်အခမ်းအနားကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နှစ်ပတ်လည် ဂုဏ်ပြုဆုပေးပွဲနှင့် သက်ပြည့် အငြိမ်းစားများ၊ ကျောင်းနေ သားသမီးများအား ထောက်ပံ့ခြင်းအစီအစဉ်ကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ထူးဘွဲ့ထူးရရှိသူ ဝန်ထမ်း ၂၁ဦးတို့ကိုယ်စား ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခအား လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ အဖွဲ့အစည်း ၁၁ခုအတွက် ဂုဏ်ပြုဆုများကို ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်း၊ ညွှန်ကြားရေးမှူး(စီမံ) ဦးစိုးဝင်းနှင့် သတင်းစာတိုက်၊ ပုံနှိပ်တိုက်၊ ကိုယ်ပွားသတင်းစာတိုက်နှင့် သတင်းဌာနများမှ စာတည်းမှူးချုပ်များအား လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီး ဦးသိန်းစိန်က နိုင်ငံတော်အဆင့်ပြိုင်ပွဲ ဆုရရှိသူ ၁၅ဦး၊ ဆောင်းပါးရှင် ဆုရရှိသူသုံးဦး၊ သင်တန်းများ၌ ထူးချွန်ဆုရရှိခဲ့သူ နှစ်ဦးနှင့် သက်ပြည့်အငြိမ်းစား ၁၇၄ဦးတို့အတွက် ဂုဏ်ပြုဆုနှင့် ထောက်ပံ့ငွေများကို သက်ဆိုင်ရာ ကိုယ်စားပြုသူတို့အား အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ခွင့်ရက်မယူဝန်ထမ်း ၃၂ဦး၊ အများအယွင်းကင်းရေး စွမ်းဆောင်ခဲ့သူဝန်ထမ်း ကိုးဦးနှင့် သတင်းစွယ်စုံဆုရရှိသူ ဝန်ထမ်း ၁၃ဦးတို့အတွက် ဂုဏ်ပြုဆုများကို သက်ဆိုင်ရာ ကိုယ်စားပြုသူတို့အား အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခက စွမ်းစွမ်းတမံ ဆောင်ရွက်သူ ဝန်ထမ်း ၁၂ဦး၊ ပညာသင်ထောက်ပံ့ကြေးရရှိသူ ဝန်ထမ်းနှင့် ကျောင်းနေ သားသမီး ၅၃၄ဦးနှင့် ဂုဏ်ထူးရ ကျောင်းနေ သားသမီးသုံးဦးတို့အတွက် ဂုဏ်ပြုဆုနှင့် ထောက်ပံ့ငွေများကို သက်ဆိုင်ရာ ကိုယ်စားပြုသူတို့အား အသီးသီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နှစ်ပတ်လည် ဂုဏ်ပြုဆုပေးပွဲနှင့် အငြိမ်းစားများ၊ ကျောင်းနေသားသမီးများအား ထောက်ပံ့ခြင်း အခမ်းအနားသည် ပထမအကြိမ်ကျင်းပခြင်းဖြစ်ပြီး ထူးချွန်သူ ဝန်ထမ်းများသာမက သက်ပြည့်အငြိမ်းစားများနှင့် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများကိုပါ ပံ့ပိုးငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နှစ်ပတ်လည် ဂုဏ်ပြုဆုပေးပွဲနှင့် အငြိမ်းစားများ၊ ကျောင်းနေ သားသမီးများအား ထောက်ပံ့ခြင်း အခမ်းအနားတွင် ကြေးမုံသတင်းစာတိုက် စာတည်းမှူး ဦးမြင့်ဆွေအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။
(ကြေးမုံ)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က သတင်းစာပညာ သင်တန်းတွင် ထူးချွန်သူ ဦးသိန်းအေး(ကြေးမုံသတင်းစာတိုက်)အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။
(ကြေးမုံ)

(၁၄)ကြိမ်မြောက် မိဘများအား ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ စိန့်ဩဂတ်စတင်းဘုရားကျောင်း၌ တက္ကသိုလ်ကက်သလစ်လူငယ်တမန်တော်လုပ်ငန်း(ရန်ကုန်)၏ တာဝန်ခံ ဘုန်းတော်ကြီး ဖာသာရ်အက်ဒွင်ဒေးဗစ်နှင့် အဖွဲ့ဝင်များက ကြီးမှူး၍ (၁၄)ကြိမ်မြောက် မိဘများအား ဂုဏ်ပြုအထူးမစ္ဆားတရားတော်မြတ်ကို ဩဂုတ် ၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ယင်းဘုရားကျောင်း၌ ပူဇော်ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီးချားလ်စ်ဘိုက အထူးမစ္ဆားတရားတော်မြတ်ကို ပူဇော်မည်ဖြစ်၍ ကျေးဇူးရှင်မိဘများ၊ မိတ်ဆွေများနှင့် လူငယ်များ တက်ရောက်ဆုတောင်းကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (က-ပ)

ခြောက်တိုင်းလည်း မကြောက်နဲ့

အီတလီဘာသာညှော်လမ်းညွှန် မွမ်းမံသင်တန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက ဦးစီးပြီး ဧည့်လမ်းညွှန်မွမ်းမံသင်တန်း အမှတ်(၃) (အီတလီဘာသာ)ကို ဩဂုတ်လဆန်းတွင် ဖွင့်လှစ်မည်ဖြစ်သည်။ (သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နှစ်ပတ်လည် ဂုဏ်ပြုဆုပေးပွဲနှင့် အငြိမ်းစားများ၊ ကျောင်းနေ သားသမီးများအား ထောက်ပံ့ခြင်း အခမ်းအနားတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသူများ၏ ကိုယ်စား ကြေးမုံသတင်းစာတိုက် စာတည်း ဦးအောင်ထိန်အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

❒ ပျောက်ကွယ်နေသည့်မှ

ကြေးမုံသတင်းအဖွဲ့သည်မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲအကြောင်းကို အများပြည်သူများ ကြိုတင်သိရှိနိုင်ရန် ပြပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး၊ အမျိုးသားပြတိုက် ညွှန်ကြားရေးမှူး ဒေါ်နုမြဇံအား သွားရောက်တွေ့ဆုံကာ ပြပွဲနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည်များကို မေးမြန်းခဲ့သည်။

မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒေါ်နုမြဇံကပြပွဲနှင့်ပတ်သက်၍ ကြေးမုံသို့ အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်မတို့အနေနဲ့ မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ ယဉ်ကျေးမှုဝိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမမှာ ဩဂုတ်လ ၉ ရက်နေ့မှာ ပြသသွားမှာ ဖြစ်ပါတယ်။

မြန်မာတို့ရဲ့ ရိုးရာစစ်စစ် တူရိယာပစ္စည်းများ ပေါ်ပေါက်လာတဲ့သမိုင်းကြောင်းကို ပြန်လည်လေ့လာ ဆန်းစစ်မယ်ဆိုလို့ရှိရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀၀ကျော်ပျူခေတ်ကစပြီးအထောက်အထားတွေ တွေ့ခဲ့ရပါတယ်။ အေဒီ ၈ရာစုကျော်လောက်မှာဆိုရင် တရုတ်ပြည်ရှိ ထန်မင်းဆက်လက်ထက်မှာ အန်းမြို့ကို ကျွန်မတို့နိုင်ငံက ပျူယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့ထန်မင်းရဲ့နန်းတော်ကို သွားရောက်ဖျော်ဖြေခဲ့တဲ့အကြောင်း သမိုင်းအထောက်အထား တွေ့ရှိရပါတယ်။ အဲဒီခရီးစဉ်မှာ ပျူပန်တျာသည် ၃၅ဦးနှင့်တူရိယာပစ္စည်း ၂၂မျိုးယူသွားကြောင်း စာပေအထောက်အထားတွေ့ရှိခဲ့ရပါတယ်။

အဆင့်မြင့်နေ

ဒီစာပေအထောက်အထားဆိုတာကလည်း တရုတ်ကဗျာဆရာကြီး ပိုင်ကျူအိက ကဗျာရှည်ကြီးကို ရေးသားပြီး မှတ်တမ်းတင်ခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ ပျူယဉ်ကျေးမှုဟာ ဘယ်လောက်အထိ အဆင့်မြင့်နေပြီလဲဆိုလို့ရှိရင် တူရိယာပစ္စည်း၂၂မျိုးကို အသုံးပြုပြီး ယိမ်းအကမျိုး၊ တစ်ပင်တိုင်အကမျိုးပါပြီး အကတစ်မျိုးစီ မကမီကြေညာသူက မည်သည့်အကမျိုးဖြစ်ကြောင်း၊ မည်သို့ကကွက်များ ကပြမှာဖြစ်ကြောင်း ကြေညာပေးလေ့ရှိတယ်လို့ဆိုပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံက အကတွေဟာ အလွန်အဆင့်မြင့်နေပြီဆိုတာ သိရှိနိုင်ပါတယ်။

မြန်မာ့တူရိယာပစ္စည်းများရဲ့ သမိုင်းကြောင်းကို ပြန်ပြောရတဲ့နေရာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅၀၀ ကျော်က ပျူခေတ်ကတည်းက ထင်ရှားတဲ့ မြေပေါ်၊ မြေအောက် အထောက်အထားတွေကို တွေ့ရှိရပါတယ်။ ကျွန်မတို့အနေနဲ့ သရေခေတ္တရာကို တူးဖော်တဲ့အခါမှာ မော်ဇာအရပ်မှာ ပျူခေတ်ကြေးခေါင်းလောင်းတစ်လုံးကို ရရှိခဲ့ပါတယ်။ အဲဒီခေါင်းလောင်းထဲမှာ တစုတစည်းတည်း ပျူကြေးရုပ်ကလေးငါးရုပ်ကို တွေ့ရှိရပါတယ်။ အဲဒီအရုပ်ကလေးငါးရုပ်ဟာ အရွယ်ငယ်နေပေမယ့်လို့ သမိုင်းတန်ဖိုးအားဖြင့် အင်မတန် ကြီးမားတာကို တွေ့ရပါတယ်။

အဲဒီအရုပ်ကလေးတွေကို ကြည့်မယ်ဆိုရင် ပလွေမှုတ်သူ၊ ဗုံတီးသူ၊ စည်တီးသူ၊ ကသူနှင့် လူရွှင်တော်ရုပ်ကလေးတစ်ရုပ်ပါဝင်ပါတယ်။ ဒီအရုပ်ကလေးငါးရုပ်ဟာ သမိုင်းမှာ ဘယ်လောက်ကြီးကျယ်မှုဖြစ်ခဲ့သလဲဆိုရင် ပထမဆုံး သရေခေတ္တရာပြတိုက်မှာ ပြသထားရာမှအခိုးခံရပြီး အမေရိကန်ကပြတိုက်တစ်ခုကို ရောက်ရှိသွားခဲ့ပါတယ်။ အဲဒီအကြောင်းကို ဆရာကြီးနိုင်ပန်းလုက ဒီအရုပ်ကလေးတွေ ပျောက်သွားတဲ့အကြောင်း အင်္ဂလိပ်လို ဆောင်းပါးရေးပါတယ်။ အဲဒီဆောင်းပါးကို ရှေးဟောင်းပစ္စည်းမြတ်နိုးသူ အမေရိကန်တစ်ယောက်က ဖတ်မိတယ်။ အဲဒီတော့ သူပြတိုက်တစ်ခုမှာ တွေ့မြင်ခဲ့ရတဲ့အရုပ်နှင့် ဆောင်းပါးမှာပါတဲ့အရုပ် တူညီနေတယ်လို့ ထင်ခဲ့တယ်။ ဒါကြောင့် ပြတိုက်ကို သွားတိုက်ကြည့်တော့ ချွတ်စွပ်တူနေတာကို တွေ့ရတယ်။ ဒီရှေးဟောင်းပစ္စည်း မြတ်နိုးသူက ပြတိုက်မှူးနှင့် ညှိနှိုင်းပြီး သူဝယ်ထားတဲ့ဈေးအတိုင်းတစ်ရုပ်ကို ဒေါ်လာ ၅၀၀၀ ပေးပါမယ်။ သူ့ကိုပြန်ရောင်းဖို့ ပြောပါတယ်။ အဲဒီတုန်းက ခိုးသွားတာက အရုပ်အကြီးလေးရုပ်သာ ဖြစ်ပါတယ်။ လူရွှင်တော်ရုပ်ကလေး မပါတဲ့အတွက် အဲဒီလေးရုပ်ကို ဒေါ်လာ နှစ်သောင်းပေးပြီး ကျွန်မတို့နိုင်ငံကို ပြန်ပို့ပေးခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ ကံကောင်းထောက်မစွာနှင့် ပြန်လည်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ပုံတူပြသထား

ကျွန်မတို့ ဝါဂီနစ်ပြခန်းမှာလည်း အဲဒီအရုပ်ကလေးငါးရုပ်ရဲ့ ပုံတူကို မြန်မာဝါဂီနစ်အစ ပျူခေတ်ကဆိုတဲ့ အသုံးအနှုန်းနှင့် ပြသထားပါတယ်။ ရခိုင်မှာဆိုရင်လည်း ရှစ်သောင်းဘုရားမှာ လိုဏ်ပတ်လမ်းထဲက ကျောက်ဆစ်လက်ရာတွေမှာ ခရာမှုတ်နေတာ၊ ဗုံကိုလွယ်ပြီး တီးခတ်နေတာ တွေ့ရှိရပါတယ်။



လူတစ်ရပ်ကျော်မြင့်သည့် ရှမ်းအိုးစည်နှင့် မင်္ဂလာမောင်းကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း- သွင်အေး(ကြေးမုံ)

အခုလိုပြပွဲမျိုး ကျင်းပနိုင်ရန်လည်း ကျွန်မတို့အနေနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သုံးကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးပါပြီ။ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာတော့ မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲကျင်းပရေးကော်မတီနာယက၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကိုယ်တိုင်တက်ရောက်ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယနှင့် တတိယအကြိမ်မှာတော့ ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးညွန့် ဦးဆောင်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ဒုတိယဝန်ကြီး ဦးစိုးညွန့်က **ပျူစစ်လျှင်မြန်မာ - မြန်မာစစ်လျှင်ပျူ** ဆိုတဲ့ စကားကို ထည့်ပြောခဲ့ပါတယ်။ **ပျူစစ်လျှင် မြန်မာ-မြန်မာစစ်လျှင်ပျူ** လို့ ဆိုတဲ့အတွက် အထက်ကပြောခဲ့တဲ့ ပျူတူရိယာ ၂၂မျိုးဟာ မြန်မာလူမျိုးတို့ရဲ့တူရိယာအဖြစ် ခေတ်အဆက်ဆက်မှာ တိုးတက်ထွန်းကားလာတယ်ဆိုတာ ပြောလို့ရပါတယ်။

အထောက်အထားများ

အလားတူပဲ ပုဂံခေတ်မှာတော့ ကျောက်စာအထောက်အထားတွေနှင့် ပန်းချီအထောက်အထားတွေမှာ တွေ့ရှိခဲ့ရပါတယ်။ သက္ကရာဇ် ၅၅၂ခု ရေးထိုးတဲ့ ကြံသိုင်းကြီးသမီးကျောက်စာတို့၊ တောင်ဂူနီဘုရား ကျောက်စာတို့၊ သက္ကရာဇ် ၅၅၈ခုနှစ်မှာ ရေးထိုးတဲ့ ဓမ္မရာဇကဘုရားကျောက်စာ၊ ၆၀၃ ခုနှစ်မှာရေးထိုးတဲ့ မြောက်ဂူနီဘုရားကျောက်စာတွေမှာလည်း ပုဂံခေတ်သုံးတူရိယာတွေ နာမည်တွေကို ဖော်ပြထားတာတွေ့ရှိပါတယ်။ မြောက်ဂူနီဘုရားကျောက်စာမှာဆိုရင် နရည်းဝိုင်းမှာ ပုဂံသူ၊ ပုဂံသားတွေဟာ ကြေးဝိုင်းရယ်၊ စောင်းရယ်၊ နှဲရယ်၊ သံလွင်ရယ်၊ ဗုံရယ်တီးခတ်ကြတယ်လို ဖော်ပြထားတာတွေ့ရှိပါတယ်။

သုတေသနပြု

ဒါကြောင့် ပုဂံခေတ်မှာဆိုလျှင် နရည်းစရာဆိုတဲ့ဝေါဟာရ ပေါ်ပေါက်နေတာ တွေ့ရပါတယ်။ အခုခေတ်မှာတော့ မွန်ဘာသာနှင့် နရည်းဆိုတာဟာ လခြမ်းပုံသဏ္ဌာန်မှာ မောင်းတပ်ထားတဲ့တူရိယာကို ခေါ်တယ်ဆိုတာ သိရပါတယ်။ ဒါကြောင့် နရည်းဆိုတဲ့ တူရိယာဟာ ပုဂံကပဲ မွန်ကိုကူးပြောင်းတာလား၊ မွန်ကပဲ ပုဂံတူရိယာထဲရောက်လာတာလားဆိုတာ သုတေသနပြုဖို့ လိုအပ်ပါတယ်။

တူရိယာငါးမျိုး

အလားတူပဲ ပုဂံခေတ်မှာ ဖျော်ဖြေရေးအသုံးအဆောင်များ သာမကဘဲ အထွတ်အမြတ်ထားတဲ့ဘုရားကျောင်းတွေ၊ ဇရပ်တွေမှာထားတဲ့ စည်တွေ၊ မောင်းတွေ ချိတ်ဆွဲပြီး လှူတဲ့ဓလေ့တွေ တွေ့ရှိရပါတယ်။ ကျွန်မတို့ အခုပြမယ့် ပြပွဲမှာ ခေတ်အဆက်ဆက် ပြကွက်တွေ၊ပျူခေတ်ပြကွက်၊ပုဂံခေတ်ပြကွက်တွေ သာမကဘဲ ကြေး၊ ကြိုး၊ သား၊ ရေ၊ လေ၊ လက်ခုပ်ဆိုတဲ့ တူရိယာငါးမျိုးကို အခြေခံပြီးလည်း ပြသသွားပါ့မယ်။

ပြရာမှာလည်း ကချင်၊ ကယား၊ ကချင်၊ ချင်း စသည်ဖြင့် တိုင်းရင်းသားတူရိယာတွေကို မခွဲဘဲ ကြေးဆိုရင် ကြေးအုပ်စု၊ ကြိုးဆိုလျှင် ကြိုးအုပ်စု၊ လေဆိုလျှင် လေအုပ်စုခွဲပြီး ပြပါမယ်။ ဒါပေမယ် တူရိယာတစ်ခုချင်းပေါ်မှာတော့ ဗမာတူရိယာမွန်တူရိယာ၊ ရှမ်းတူရိယာဆိုပြီး ရေးသားပြသထားမှာ ဖြစ်ပါတယ်။



ရှေးခေတ်လူကြီးများသည်တူရိယာပစ္စည်းများကို ယခုခေတ်ကဲ့သို့ အလွယ်တကူ ဝယ်သုံးစွဲနိုင်ခြင်းမရှိချေ။ ရှိသည့်ပစ္စည်းနှင့်ပင် တူရိယာပစ္စည်းများကို ပြုလုပ်တီးခတ်ခဲ့ရပေသည်။ မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲတွင် တွေ့မြင်ရမည့် ဗျပ်စောင်းတစ်လက်ကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း-သွင်အေး(ကြေးမုံ)

အဲဒီလို တူရိယာပစ္စည်းများ အပါအဝင် အထက်က ကျွန်မတင်ပြခဲ့တဲ့ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းတွေမှာ ချိတ်ဆွဲထားလေ့ရှိတဲ့ စည်တို့၊ မောင်းတို့၊ ခေါင်းလောင်းတို့၊ ဆည်းလည်းတို့လိုပစ္စည်းများကို 'အသုံးပြု၍ရသောအသံပစ္စည်းများပြကွက်'ဆိုပြီး ပြကွက်တစ်ခုကို ထည့်ပြဖို့လည်း စီစဉ်ထားပါတယ်။

လက်ဆောင်ပေး

နောက်အင်းဝခေတ်မှာတော့ အခုနပြောတဲ့ စည်ဟာ မင်းခမ်းမင်းနားတွေမှာ အဓိက ပါလာတာကို တွေ့ရှိရပါတယ်။ အင်းဝခေတ် မင်းအဆက်ဆက်ဟာ စည်တွေကို အမျိုးမျိုးခွဲထားတာ တွေ့ရပါတယ်။ ဥပမာ-ရှင်ဘုရင်စည်၊ မိဖုရားစည်၊ မင်းညီမင်းသားစည် စသည်ဖြင့် အဆင့်အတန်းတွေခွဲပြီး လက်ဆောင်ပစ္စည်းအဖြစ် ပေးလေ့ရှိတယ်ဆိုတာ တွေ့ရပါတယ်။

ရှင်ဘုရင့် စည်တော်တွေမှာလည်း မြောက်စည်၊ တံမြွာ၊ တံပိုးကြီး၊ တံရှည်လေး၊ ခရုသင်း၊ လက်ချပ်၊ စည်ဝန်း၊ ငွေနှဲ၊ စည်ဖြော၊ စည်ပုတ်၊ ဗုံသာ၊ လင်းကွင်း၊ ငွေနှဲကြီး၊ ငွေနှဲငယ်၊ ခရာ၊ ဝင်စည်၊ ရွှေဗြိန်း၊ မွန်နှဲ၊ စည်းစုပ်ဆိုပြီး စုံစုံလင်လင်ပါတာကို လောကဗျူဟာ အင်ရုံစာတမ်း သတ္တမတွဲမှာဖတ်ရပါတယ်။ အဲဒီစည်တော်ပုံတွေထဲကနေပြီး သင့်လျော်တဲ့ တူရိယာတွေကို မင်းသားဆိုလည်းမင်းသား၊ အမတ်ဆိုလည်း အမတ်၊ စော်ဘွားဆိုလည်းစော်ဘွား ရာထူးအလိုက် ရှင်ဘုရင်က လက်ဆောင်အဖြစ် ပေးအပ်ချီးမြှင့်လေ့ရှိတယ်လို့ မှတ်သားရပါတယ်။

နန်းတွင်းတူရိယာ

ဒါကြောင့် အင်းဝခေတ်ကနေစပြီး ကုန်းဘောင်ခေတ်ထိအောင် နန်းတွင်းသုံး တူရိယာတွေကို တခမ်းတနားတွေ့ရှိလာရပါတယ်။ မြန်မာ့နန်းတွင်းမှာ စည်ကလည်းအမျိုးမျိုး၊ တူရိယာတွေက အမျိုးစုံ ပေါ်ထွန်းတယ်ဆိုတာ တွေ့ရှိရပါတယ်။ ဒီတော့ ဗမာတူရိယာသာမက အခြားတိုင်းရင်းသားတွေဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသား အားလုံးမှာရှိတဲ့ သူတို့ရဲ့ ကိုယ်ပိုင် တူရိယာကလေးတွေ ရှိတယ်ဆိုတာကို ဒီပြပွဲမှာတစ်ပါတည်း တူရာ၊ တူရာတွေကို စုစည်းပြီး ပြသသွားမှာဖြစ်ပါတယ်။ ဥပမာ-တိုင်းရင်းသားထဲက ကရင်ရယ်၊ကယားရယ်၊ 'ဝ'ရယ် ဆိုရင် ကောက်ပဲသီးနှံ ဖြစ်ထွန်းရန်အတွက် ဖားစည်သွန်းလုပ်ပြီး ကခုန်ကြတာ တွေ့ရပါတယ်။ ဖားစည်ကို အထွတ်အမြတ်ထားပြီး လက်ဆောင်ပေးတဲ့ ဓလေ့ကလည်း ကယားလူမျိုးတွေမှာရော၊ ကရင်လူမျိုးတွေမှာရော ရှိပါတယ်။ ကချင်လူမျိုးဆိုလျှင်လည်း မောင်းတွေကို လက်ဆောင်ပေးတယ်။ ကွမ်းဖိုး လျော်ကြေးပေးတယ်ဆိုတဲ့ အစဉ်အလာကလေးတွေရှိပါတယ်။

ပုဂံခေတ်လေမှုတ်တူရိယာ

ပုဂံခေတ်မှာ ပေါ်ခဲ့တဲ့ လေမှုတ်တူရိယာတွေထဲမှာလည်း 'ငြင်း' ဆိုတာ ပါပါတယ်။ဒါပေမယ့် မြေပြန့်တွေမှာတော့ အဲဒီတူရိယာဟာ ပျောက်သွားပြီး တိုင်းရင်းသားတွေမှာတော့ ဆက်လက် သုံးစွဲနေတာကို တွေ့ရှိပါတယ်။ အခုပွဲမှာတော့ အဲဒီ 'ငြင်း'ကို ပြန်ပြီး ပြသမှာ ဖြစ်ပါတယ်။

အခုပြသမယ့် မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲမှာ တူရိယာပစ္စည်းကိုသာ ပြသမှာမဟုတ်ဘဲ လက်တွေ့တီးခတ်ပြသမယ့် သရုပ်ပြပွဲတွေကိုလည်း ပြသသွားမှာဖြစ်ပါတယ်။ တစ်ရက်မှာ မနက်ပိုင်းမှာတစ်ကြိမ်၊ ညနေပိုင်းမှာ တစ်ကြိမ် နှစ်ကြိမ် (သို့မဟုတ်) သုံးကြိမ်တီးခတ် သရုပ်ပြမှာဖြစ်ပါတယ်။

မြန်မာ့ဆိုင်းဝိုင်းကြီးကိုတော့တစ်ရက်မှာ တစ်ကြိမ်တီးခတ်ပြဖို့ ကျွန်မတို့ ယဉ်ကျေးမှုဝန်ကြီးက ညွှန်ကြားထားပါတယ်။တိုင်းရင်းသား တူရိယာအနေနှင့်လည်း ဥပမာ-ချင်းဆိုရင် နှာခေါင်းနှင့်မှုတ်တဲ့ တူရိယာရှိပါတယ်။ အဲဒါကိုလည်း မှုတ်ပြပါမယ်။ ပျောက်ကွယ်သွားတဲ့ 'ငြင်း'ကိုလည်း ပြန်မှုတ်ပြတာမျိုး၊ မြေပြန့်မှာနေတဲ့ လူငယ်လူရွယ်တွေ မတွေ့ဖူး။ မမြင်ဖူးကြတဲ့ တူရိယာတွေကို တီးမှုတ်ပြတာမျိုးတွေကို လုပ်သွားမှာဖြစ်ပါတယ်။ ရခိုင်လူမျိုးတွေရဲ့ မင်္ဂလာစည်တော်ကြီးကိုလည်း အဖွဲ့လိုက်တီးပြတာ၊ မွန်လူမျိုးတွေရဲ့ တူရိယာပစ္စည်းတွေကို တီးခတ်ပြတာမျိုးတွေ ပြသသွားမှာဖြစ်ပါတယ်။ နောက်ပြီး စစ်ကိုင်းတိုင်းက နာမည်ကျော် 'မခေါက်'ဗြောကိုလည်း တီးပြမှာဖြစ်ပါတယ်။ နောက်ပြီး အမျိုးသမီးတွေချည်း တီးခတ်တဲ့ ဆိုင်းဝိုင်း၊ ကလေးဆိုင်းဝိုင်းတွေကိုလည်း တီးခတ်ပြသကြမှာ ဖြစ်ပါတယ်။

ငှားရမ်းပြသခွင့်ပြု

ပြည်နယ်၊ တိုင်းများက တိုင်းအတွင်းရေးမှူးများကလည်း ကျွန်မတို့ ကျင်းပရေးကော်မတီမှာ အဖွဲ့ဝင်တွေဖြစ်တဲ့အတွက် တူရိယာပစ္စည်းစုဆောင်းရာမှာရော၊ တူရိယာတီးခတ်တဲ့ သူများကိုရော ပါဝင်တီးခတ်နိုင်အောင် အကူအညီပေးကြပါတယ်။ နောက်ပြီး ဂီတပညာရှင်ကြီးများဖြစ်တဲ့ ဂီတလုလင် ဦးကိုကိုတို့၊ နှဲဦးမြကြီးတို့၊ ဆိုင်းပညာရှင်ကြီး ဦးစိန်လှမြိုင်တို့ ဆိုရင်သူ့တို့သိမ်းဆည်းထားတဲ့ ရှားရှားပါးပါး ကိုယ်ပိုင်တူရိယာပစ္စည်းတွေကို ကျွန်မတို့ကို ငှားရမ်းပြီး ပြသခွင့်ပြုမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီမြန်မာ့ရိုးရာတူရိယာပစ္စည်းများ ပြပွဲကတော့ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ တူရိယာပစ္စည်းတွေကို ပြန်လည်ဖော်ထုတ်ပြသတဲ့ အခွင့်အရေးကောင်းတစ်ခုလို့ ယူဆပါတယ်။

ဒါကြောင့် ကျွန်မတို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးကလည်း ဒီပြပွဲကျင်းပရတဲ့ ဦးတည်ချက်လေးရပ်ကိုလည်း ချမှတ်ပေးထားပါတယ်။ အဲဒါတွေကတော့-

(၁) မြန်မာ့ရိုးရာ တူရိယာပစ္စည်းများကို မျိုးဆက်သစ်လူငယ်များ ကြည့်ရှုလေ့လာနိုင်ကြစေရန်၊

(၂) မြန်မာ့ရိုးရာ တူရိယာပစ္စည်းများ တီးခတ်အသုံးပြုမှုကို လေ့လာသိရှိနိုင်ကြစေရန်၊

(၃) တိုင်းရင်းသားရိုးရာ တူရိယာပစ္စည်းများကို တစ်နေရာတည်းတွင် စုစည်းပြသလေ့လာကြည့်ရှုနိုင်ကြစေရန်၊

(၄) ကောဒသမ အကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကိုကြိုဆိုအားပေးလှုံ့ဆော်မှုပြုရန်

တို့ ဖြစ်ပါတယ်။

ဒါကြောင့် ဒီပြပွဲကြီး အောင်မြင်အောင် ကျွန်မတို့အနေနှင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် ပစ္စည်းစုဆောင်းရေးအပိုင်းမှာ ပြည်နယ်နှင့်တိုင်းတွေက တူရိယာပစ္စည်းများ ရောက်ရှိနေကြပါပြီ။

ကျွန်မတို့အနေနှင့် အခု မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲကြီးကို ဩဂုတ်လ ၉ရက်နေ့မှ စတင်ကာ နှစ်ပတ်ကြာ ပြသမှာဖြစ်ပြီး ပြပွဲကိုနေ့စဉ် နံနက် ၁၀ နာရီကနေ ညနေ ၅နာရီထိ ပြသသွားဖို့ ရည်ရွယ်ထားပါတယ်" ဟု ကြေးမုံသို့ ရှင်းပြလိုက်ပါသည်။ ။

(ကြေးမုံ)

ကမ္ဘာ့ကလေးများ ပန်းချီပြိုင်ပွဲတွင်

မြန်မာနိုင်ငံမှ ရွှေတံဆိပ်တစ်ဆုနှင့် အထူးဆုနှစ်ဆုဆွတ်ခူး

ရန်ကုန် ဩဂုတ် ၁

ဂျပန်နိုင်ငံ IE-NO-HIKARI Association က ကြီးမှူး ကျင်းပသော ၂၀၀၂ခုနှစ် (၁၀)ကြိမ်မြောက် ကမ္ဘာ့ကလေးများ ပန်းချီပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူသုံးဦးတို့က ရွှေတံဆိပ်ဆုတစ်ဆု၊ အထူးဆုနှစ်ဆု ဆွတ်ခူးရရှိခဲ့သည်။

ပန်းချီပြိုင်ပွဲမှ ရွှေတံဆိပ်ဆုကို မန္တလေးမြို့ ချမ်းအေးသာစံ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းမှ မောင်ဥက္ကါတင်မိုးက My Lovely World ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထူးဆုနှစ်ဆုကို ရန်ကုန်တိုင်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ်မှ ဒုတိယတန်းကျောင်းသူ မဆုရတနာထွန်းက Ceremony of Freeing the animals ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းမှ မရတနာစွမ်းထက်ကျော်က My Family ခေါင်းစဉ်ဖြင့်လည်းကောင်း ရရှိကြသည်။

အဆိုပါ ပန်းချီပြိုင်ပွဲခေါင်းစဉ်ကို Family (သို့မဟုတ်) နှစ်သက်ရာ ခေါင်းစဉ် Free ဖြင့် ရေးဆွဲယှဉ်ပြိုင်စေခဲ့ရာ ပြိုင်ပွဲသို့ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၈နိုင်ငံမှ ကလေးငယ်များ၏ ပန်းချီလက်ရာကားချပ် ၃၈၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ (သတင်းစဉ်)

* ချော့တိုင်းလည်း မပျော့နဲ့



နယ်စပ်ဒေသမကျန် ကွက်ပြည့်ဖွံ့ဖြိုးစေမည့် တည်ဆောက်ရေးလုပ်ငန်းများ

ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးသည် တစ်နိုင်ငံလုံးနှင့် ကွန်ရက်သဖွယ် ဆက်သွယ်နေသော ပြည်ထောင်စုလမ်းမကြီးတစ်ခု ဖြစ်သည်။ ထိုလမ်းမကြီးပေါ်၌ မော်တော်ယာဉ်များ ရာသီမရွေး သွားလာနိုင်ရန် အဆင့်မြင့် ခြောက်လမ်းသွားလမ်းပြုပြင်ခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရက ပုဂ္ဂလိကလုပ်ငန်းရှင်များအား တာဝန်ပေးပြုပြင်စေလျက်ရှိရာ မန္တလေး-မိတ္ထီလာလမ်းပိုင်းတွင် ဟုန်ပန်းကုမ္ပဏီက တာဝန်ယူပြုပြင်ထားသည့် လမ်းမကြီးကို ပလိပ်မြို့ဘက်၌ ဤသို့ တွေ့ခဲ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်)

ဂျီအက်စ်အမ် တာဝါတိုင်

ခေတ်မီ နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ဆက်သွယ်ရေးကဏ္ဍသည် အရေးပါသည့် ကဏ္ဍသစ်တစ်ရပ်အဖြစ် ပါဝင်လျက်ရှိသည်။ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးစာတိုက်ဝင်းအတွင်း တည်ဆောက်ထားသည့် အပြည်ပြည်ဆိုင်ရာသို့ ဆက်သွယ်ပေးသည့် ဂျီအက်စ်အမ် တာဝါတိုင်ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-ခင်မောင်ဝင်း-ကြေးမုံ)



ပင်လုံ အော်တိုအိတ်ချိန်း

ပင်လုံဒေသသည် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မြောက်ပိုင်း ဆက်စပ်ရာနေရာတွင် တည်ရှိလျက်ရှိသည်။ ထိုဒေသကို ကွက်လပ်ဖြစ်မကျန်ရအောင် နိုင်ငံတော်အစိုးရက တက္ကသိုလ်နှင့်ကောလိပ်များ၊ အထူးကုဆေးရုံများ တည်ဆောက်ဂုဏ်ပြုပေးခဲ့သကဲ့သို့ ဆက်သွယ်ရေးအားဖြင့်လည်း နောက်ကျ မကျန်ရစ်ရအောင် မြန်မာ့ဆက်သွယ်ရေးစခန်း အော်တိုအိတ်ချိန်းကြီး တစ်ခုကို ဤသို့ တည်ဆောက်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်)

ဓာတ်ပုံ မှတ်တမ်း

သွင်အေး (ကြေးမုံ)
ခင်မောင်ဝင်း(ကြေးမုံ)
ခရမ်းစိုးမြင့်

မုန်းချောင်း ရေလှောင်တမံ

မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းအရ မကွေးတိုင်း စေတုတ္တရာမြို့နယ်တွင် တည်ဆောက်လျက် ရှိသော မုန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းမှ ၂၅ မဂ္ဂါဝပ်သုံးလုံးမှ ၇၅မဂ္ဂါဝပ်ကို နှစ်စဉ် ရေအားလျှပ်စစ်ထုတ်လုပ်မှု ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀ ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

(ဓာတ်ပုံမှတ်တမ်း-သွင်အေး၊ ကြေးမုံ)

နိုင်ငံ့စီးပွားကို အထောက်အကူပြုမည့်

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကျောက်မီးသွေးပေါက်ကွက်များ

ရန်ကုန် ဩဂုတ် ၁

၂၀၀၂ ခုနှစ် ဧပြီ ၁၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေသို့ရောက်ရှိလာခဲ့သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တွေ့ရှိသော ဓာတ်သတ္တုများနှင့် ကျောက်မီးသွေးပေါက်ကွက်များကို နိုင်ငံတော်တွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့် လောင်စာစွမ်းအင် ကဏ္ဍအတွက် အထောက်အပံ့ဖြစ်ရေး စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် အလားအလာများအား စမ်းသပ်ရှာဖွေတူးဖော်မှုပြုရန် မှာကြားခဲ့သည်။

ဒေသဖွံ့ဖြိုးရေးထောက်ကူ

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း၌ မြေအောက်သဘာဝ ဓာတ်သတ္တုနှင့်သယံဇာတ ပေါ်ထွက်ရေးသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအား အထောက်အပံ့ဖြစ်စေကြောင်းနှင့် မြေအောက်သဘာဝ သယံဇာတများ ရှာဖွေဖော်ထုတ်နိုင်ပါက ဒေသ ဖွံ့ဖြိုးရေးအတွက်ပါ အထောက်အကူပြုစေနိုင်သဖြင့် ဒေသတွင်းတိုင်းရင်းသားခေါင်းဆောင်များ၊ဌာနဆိုင်ရာနှင့် ပြည်သူလူထုများအား မိမိတို့၏ ဒေသတွင်းထွက်ရှိသော သဘာဝသယံဇာတ ကျောက်နမူနာများကို ပေးပို့



သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း –ခရမ်းစိုးမြင့်

တင်ပြရေး စည်းရုံးဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ယခုအခါ ကျောက်မီးသွေး ပေါက်ကွက်အများအပြား တွေ့ရှိတူးဖော်လျက်ရှိသည်။

ပေါက်ကွက်များ

တွေ့ရှိတူးဖော်လျက်ရှိနေသော ကျောက်မီးသွေးကွက်များမှာ မုံးပါး ကျောက်မီးသွေး ပေါက်ကွက်၊ နားလျုံ–မန်ကောင် ကျောက်မီးသွေးပေါက်ကွက်၊ နမ့်ပေါင်(သံလွင်)ကျောက်မီးသွေးပေါက်ကွက်၊ မန်ပန်၊ မုံးမ၊ ဆဲလဲ ကျောက်မီးသွေး ပေါက်ကွက်၊ မခေါ်ကျောက်မီးသွေးပေါက်ကွက်၊ ဟာပွတ်ကျောက်မီးသွေးပေါက်ကွက်၊ နမ့်ဟူး ကျောက်မီးသွေးပေါက်ကွက်၊ဆိုင်တော်ကျောက်မီးသွေးပေါက်ကွက်၊ နားလုံကျောက်မီးသွေးပေါက်ကွက်၊ နမ္မတီးကျောက်မီးသွေးပေါက်ကွက်၊စံလောင်း အေသုံးလုံး ကျောက်မီးသွေးပေါက်ကွက်၊ နားမန်ကျောက်မီးသွေးပေါက်ကွက်၊ နားဆိုင် ကျောက်မီးသွေးပေါက်ကွက်၊ နားကွန်ကျောက်မီးသွေးပေါက်ကွက်တို့ ဖြစ်သည်။

မုံးမ ကျောက်မီးသွေးပေါက်ကွက်သည် ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ် မန်ပန်–မုံးမကျေးရွာ အနီးတွင် တည်ရှိသည်။ တွေ့ရှိပုံမှာ မန်ပန်ဌာနေ ပြည်သူ့စစ်ခေါင်းဆောင် ဦးစိုင်းမွန်းသည် နမ့်ပန်ချောင်းတစ်လျှောက် ကျောက်မီးသွေးများ တွေ့ရှိရသဖြင့် ရရှိသောကျောက်မီးသွေး နမူနာများနှင့်အတူ တိုင်းစစ်ဌာနချုပ်သို့ တင်ပြခဲ့ခြင်းဖြစ်သည်။

ထုတ်လုပ်ရရှိနိုင်မည်

အဆိုပါ ကျောက်မီးသွေးပေါက်ကွက်အား တာဝန်ရှိသူများနှင့် ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနတို့ ပူးပေါင်းကွင်းဆင်းတိုင်းတာခဲ့ရာ ကျောက်မီးသွေးကြောမှာ မုံးမရွာအနီးမှ မန်မော်ရွာအနီးအထိ အလျားသုံးမိုင်မှ ငါးမိုင်ပတ်လည်ခန့် ကျယ်ဝန်းပြီး ပေါက်ကွက်ပေါင်း ၄၀ ကျော်အား စမ်းသပ်တူးဖော်ခဲ့ရာ ခန့်မှန်းတန် ခြောက်သန်းကျော် ထုတ်လုပ်ရရှိနိုင်မည်ဟု သိရသည်။

အလားတူပင် ကျောက်မီးသွေးပေါက်ကွက် တစ်ခုဖြစ်သော ဟာပွတ် ကျောက်မီးသွေး ပေါက်ကွက်မှာ တန့်ယန်းမြို့နယ် ဟာပွတ်ကျေးရွာ ခမ(ဒီ–၀၅၄၁၇၃) တစ်ဝိုက်ဖြစ်ပြီး ၂၀၀၂ခုနှစ် ဧပြီလ ၃၀ ရက်နေ့က စတင်တွေ့ရှိပြီး ယခုအခါ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ကြီးကြပ်မှုဖြင့် ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ငွေရည်ပုလဲ ကုမ္ပဏီက စမ်းသပ်တူးဖော်လျက်ရှိနေသည်။ တွေ့ရှိသည့် ကျောက်မီးသွေး အမျိုးအစားမှာ ဆပ်ဗီကျူးမီးနပ်အမျိုးအစားဖြစ်ပြီး အတည်ပြုတန်ချိန်မှာ ၁ဒသမ ၂သန်း၊ ထပ်မံထွက်ရှိနိုင်မည့်တန်ချိန်မှာ ၃ဒသမ၃သန်းဖြစ်ပြီး စုစုပေါင်းထွက်ရှိနိုင်မည့်တန်ချိန်မှာ ၄ဒသမ၅ သန်းဖြစ် သည်ဟု သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တွေ့ရှိရသော ကျောက်မီးသွေးပေါက်ကွက်များကို ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနက စမ်းသပ်တူးဖော်ပေးလျက်ရှိရာ ဟာပွတ်ဒေသ နမ့်ပန်ချောင်းနံဘေးရှိ အစမ်းတွင်းတစ်တွင်းကို ဤသို့တူးဖော် စမ်းသပ်လျက်ရှိနေသည်ကို တွေ့ခဲ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)

တူးဖော်

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ဟာပွတ်ကျေးရွာ (ဒီ–၀၅၄၁၇၃) တစ်ဝိုက်တွင် တွေ့ရှိ ရသော ကျောက်မီးသွေးအမျိုးအစား ဆပ်ဗီကျူးမီးနပ်များကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ကြီးကြပ်မှုဖြင့် ငွေရည်ပုလဲကုမ္ပဏီက စက်ကြီးများဖြင့် တူးဖော်နေသည်ကို ဤသို့တွေ့ခဲ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)

ယခုအခါ ပေါက်ကွက်များအား တူးဖော်ဆောင်ရွက်ဆဲ ဖြစ်သည်ဟု သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်းရှိ တွေ့ရှိတူးဖော်ဆဲနှင့် ကျောက်မီးသွေးသိုက်များ၏ တန်ချိန် ထွက်ရှိနိုင်မှုများမှာ နမ္မကျောက်မီးသွေး သိုက်ကို တူးဖော်စမ်းသပ်ခဲ့ရာ ပထမအဆင့်ခန့်မှန်းတန်ချိန် ၂ ဒသမ ၂ သန်းနှင့် ဒုတိယအဆင့်ခန့်မှန်းတန်ချိန် ၁ ဒသမ ၂ သန်း စုစုပေါင်းတန်ချိန် လေးသန်း ထွက်ရှိမည် ဖြစ်သည်။ စံလောင်းအေသုံးလုံး ကျောက်မီးသွေးသိုက်မှာ ပထမအဆင့် တူးဖော်တိုင်းတာချက်အရ ခန့်မှန်းတန်ချိန်မှာ ၁ဒသမ၈၇၀ သန်း စုစုပေါင်းခန့်မှန်းတန်ချိန်မှာ ၁ဒသမ ၈၇၀ သန်း တန်ချိန်ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။

အလားတူပင် ဆိုဒ်တော်ကျောက်မီးသွေးသိုက်မှာ ပထမအဆင့် ခန်းမှန်းတန်ချိန် ၀ဒသမ ၁၆သန်းနှင့် ဒုတိယအဆင့် စမ်းသပ်ချက်အရ ခန့်မှန်းတန်ချိန် ၈၀သန်း စုစုပေါင်း ၈၁၆သန်း တန်ချိန်ထွက်ရှိမည်ဖြစ်သည်။ မန်ပန်/မုံးမတွင် ပထမအဆင့် ခန့်မှန်းတန်ချိန် ၅သန်း၊ ဒုတိယအဆင့် ခန့်မှန်းတန်ချိန် သုညဒသမ ၅သန်း စုစုပေါင်းခန့်မှန်းတန်ချိန် ၅ဒသမ၅သန်း တန်ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။ အလားတူ ဆဲလဲ(ဇလီ) ကျောက်မီးသွေးသိုက်သည် သုညဒသမ ၅သန်း၊ ဟာပွတ်ကျောက်မီးသွေးသိုက်သည်၄ဒသမ ၄သန်း၊နားလျှံ/မန်ကောင်းကျောက်မီးသွေးသိုက်သည် ၁ဒသမ၀၁သန်း၊ မုံးပါးကျောက်မီးသွေးသိုက်သည် ပေါက်ကွက်ငယ် ၅၀မှ သုညဒသမ၀၃သန်း မခေါ်ကျောက်မီးသွေးသိုက်သည် တန် သုညဒသမ ၅၀သန်းတန်၊ သံလွင်(နမ့်ပေါင်)ကျောက်မီးသွေးသိုက်သည် သုညဒသမ ၃၀သန်း၊ နားကွန်ကျောက်မီးသွေးသိုက်သည် တန်၁သန်း စုစုပေါင်းကျောက်မီးသွေးသိုက် ၁၁ခုမှ ခန့်မှန်းတန်ပေါင်း ၂၀ဒသမ ၀၀၉သန်းတန် တူးဖော်ရရှိမည်ဟု ခန့်မှန်းထားပြီး ကျောက်မီး သွေးသိုက်များဖြစ်သည့် နားပန်၊ နားပိုင်၊ နားဆိုင်နှင့်နားလုံတို့မှာ စမ်းသပ် တူးဖော်ဆဲဖြစ်သည်ဟု သိရသည်။

အရှေ့မြောက်တိုင်း စစ်ဌာချုပ်နယ်မြေ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် မန်ပန် မုံးမဒေသ နမ့်ပန်ချောင်းတစ်လျှောက် ကျောက်မီးသွေး ကြောတည်ရှိမှု၏ လက်ရှိတွေ့ရှိရသော အနေအထားမှာ အထူးကောင်းမွန်ပြီး ယေဘုယျအားဖြင့် အလားအလာအကောင်းဆုံးဖြစ်ကြောင်း သိရှိရပြီး နိုင်ငံတော်၏ သတ္တုကဏ္ဍတွင် သမိုင်းဝင်သတ္တုပစ္စည်း သိုက်ကြီးတစ်ခု ဖြစ်ပေါ်လာရေးအတွက် တိကျခိုင်မာသော ရည်မှန်းချက်ဖြင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ အနီးကပ်ကြီးကြပ်မှု၊ ပညာရှင်အား၊ တပ်အင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် ထိထိရောက်ရောက်အသုံးပြုလျက် ပေါ်ထွက်မှုအနေအထားများအား ဆက်လက်စမ်းသပ်တူးဖော်လျက်ရှိသည်။ ။ **(ကြေးမုံ)**

၂–၈–၂၀၀၃ (စနေနေ့)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် [ရှေးအတိတ်ကံအစွမ်းကြောင့်ဖြစ်ပေါ်လာ]**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် (က) ပထမနှစ် (အင်္ဂလိပ်စာ) (ခ)ပထမနှစ် (ရသစာပေအရေးအသား)
၅:၃၅ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နှလုံးလှဆရာဝန် (အပိုင်း–၁၆) (ဇာတ်သိမ်းပိုင်း)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင် သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း**
၂၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း သူငယ်ချင်းသုံးဖော် (အပိုင်း–၄)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

● **စာမျက်နှာ ၉ မှ**

ထိုသို့ တွေ့ဆုံရာတွင် ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ပြုံးက ခရိုင်၏ ၂၀၀၃–၂၀၀၄ခုနှစ် စီမံကိန်းရည်မှန်းချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ၊ မိုးစပါး၊ နွေစပါး၊ မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပီလောပီနံ၊ ဖွံ့စားပြောင်း၊ ငရုတ်ကောင်း၊ စားကြံ၊ ချက်ကြံ၊ ဂုန်လျှော်၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးနိုင်မှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက်များ၊ ပညာရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ စီမံကိန်းအကောင်အထည်ဖော်နိုင်မှုများ၊ ခရိုင်နှင့် မြို့နယ်အလိုက် တာဝန်ပေးထားသည့် စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်း ပြောကြားသည်။

အခြေခံကောင်းများရရှိ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်း ဆက်သွယ်ရေး အခြေခံကောင်းများ ရရှိနေသည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဟသ်ာတခရိုင်သည် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသ ၂၄ခု၌ ပါဝင်လျက်ရှိသော ဒေသတစ်ခုဖြစ်ကြောင်း၊ ဧရာဝတီတိုင်း၌ ဖွံ့ဖြိုးရေးဒေသများအဖြစ် ဟသ်ာတ၊ မအူပင်နှင့် ပုသိမ်ဟူ၍ ဒေသသုံးခု သတ်မှတ်ထားရှိရာ ဖွံ့ဖြိုးရေးဒေသအလိုက် နိုင်ငံတော်က ထူထောင်ပေးထားသော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေခံများကို အပြည့်အဝအသုံးချ၍ ယှဉ်ပြိုင်တိုးတက်ဖွံ့ဖြိုးလာအောင် ကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ အချက်အချာကျသော ဖွံ့ဖြိုးရေးဒေသများ အပြည့်အဝ ဖွံ့ဖြိုးလာသည်နှင့်အမျှ ပြည်ထောင်စုကြီးတစ်ရပ်လုံးသည်လည်း အပြည့်အဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒေသတစ်ခုနှင့်တစ်ခုအကြား ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းကျုတ်သွားရေး၊ ပြည်သူလူထု၏ လူနေမှုဘဝ အဆင့်အတန်း ပြည့်စုံမြင့်မားရေးတို့အတွက် နိုင်ငံတော် အစိုးရက ရည်ရွယ်ချက်မြင့်မြင့်မားမားဖြင့် ချမှတ်ထားသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ဖိဖိစီးစီး အကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားပြီးအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြိုဆို

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဟသ်ာတမြို့ အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြပြီး တာဝန်ခံ ကျောင်းအုပ် ဒေါ်ငြိမ်းငြိမ်းလွင်နှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဟသ်ာတ တက္ကသိုလ်သို့ ရောက်ရှိကြရာ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ ဟသ်ာတတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစိုးမြင့်နှင့် ပါမောက္ခများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဟသ်ာတ တက္ကသိုလ်မှ သင်ကြား/စီမံ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ဟသ်ာတတက္ကသိုလ်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဟသ်ာတမြို့ အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး ဦးသက်ထူးဟန်က ဟသ်ာတမြို့အစိုးရနည်းပညာကောလိပ် စတင်ဖွင့်လှစ်ခဲ့မှု၊ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ တက်ရောက်သင်ကြားလျက်ရှိသည့် မြို့နယ်အလိုက် ကျောင်းသား၊ ကျောင်းသူများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များ မှာကြားပြီး ဆရာ၊ ဆရာမများအား နှုတ်ဆက်သည်။

နှုတ်ဆက်

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့နှင့်အတူ ဇူလိုင် ၂၉ရက် ညပိုင်းတွင် ပုသိမ်မြို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။

(သတင်းစဉ်)

ASEAN Special Senior Officials' Meeting

Popa/Bagan

4-6 August 2003

ရန်ကုန်စက်မှုဇုန်စီမံကိန်းတွင်မြေကွက်ဝယ်ယူထားသူများသိသာစေရန်

မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ကော်ပိုရေးရှင်းတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသောမင်္ဂလာဒုံ ဥယျာဉ်မြို့တော် ရန်ကုန်စက်မှုဇုန်စီမံကိန်း တွင်ဝယ်ယူထားသော မြေကွက် ပိုင်ရှင်များ အနေဖြင့် ပေးသွင်းရန်ကျန်ရှိသော လက်ကျန်ငွေများကို (၃၁.၈.၂၀၀၃) နေ့နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် ပေးသွင်းရန် ပျက်ကွက်ပါက စာချုပ်အပိုဒ်(၂၂)အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ (ကော်ပိုရေးရှင်းရုံးချုပ်၊ ဖုန်း ...)

မြတ်လှဘော်စီစဉ်ပြီး ရန်ကုန်မြို့ မဟာပိန္နဲစာပေ အမှတ်(၆) ကျောင်းလမ်း တောင်လုံးပြန်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း–၂၄၉၂၇၆၊ ၂၀၁၄၇၉၊ ၂၉၉၇၇၁နှင့် မန္တလေးမြို့ မြညွန့်ဆွေစာပေ၊ ၂၇၈၊ ၂၉လမ်း၊ ၈၃နှင့်၈၄လမ်းကြား၊ ဖုန်း– ၀၂–၃၆၇၄၅၊ ၀၁–၂၉၀၆၁၆ တို့က ဖြန့်ချိသည့် မြန်မာ–အင်္ဂလိပ်–တရုတ် သုံးဘာသာဖြင့် ၁၂၆၅ခုနှစ်မှ ၁၃၆၅ ခုနှစ်အထိ ဖော်ပြပါရှိသော နှစ်တစ်ရာ ပြက္ခဒိန် စာအုပ်မျက်နှာဖုံး။

(ဝဲပုံ) (က–ပ)

*** မြှောက်တိုင်းလည်း မမြှောက်နဲ့**

COCA SUKI RESTAURANT

Since 1957

(One For One Free)



Thai Vegetarian

COCA SUKI Restaurant at Summit Parkview Hotel, 350, Ahlone Road, Yangon. Phone: 01- 229904, 229905

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ် ဦးလွန်းမောင်လမ်း အမှတ်(၅)နေ ဦးအေးမောင် မှတ်ပုံတင်အမှတ်–၁၂/အလန (နိုင်) ၀၃၅၁၅၈က မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၅၅) မြေကွက်အမှတ်(၁၄–က) မြေအမည်ပေါက် မောင်စံပါ ရှစ်ယောက် အမည်ရှိ (B)၊ မြေပိုင်မြေအား မြေပုံကူးခွင့်ပြုပါရန် လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **ဒုတိယဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန။**

You & Mee Beauty Saloon

ရှေးကတည်းက စကားလေးပါ••• ရွှေဆိုတာ မရှိဝမ်းစာ ရိက္ခာကိုသာတဲ့

သာသနာ့သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်

မင်းဘူး(စကု) ဇူလိုင် ၂၆

မကွေးတိုင်း မင်းဘူးမြို့နယ် ကေလာသဖ(စက္ကိန်းတဲ) တောင်တော်ထက်တွင် တည်ထားကိုးကွယ်လျက်ရှိသော သာသနာ့ သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက်က စေတီတော်ရင်ပြင်တော်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားကိုနမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး မကွေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့် မင်းဘူးခရိုင်/မြို့နယ် အဆင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်အရှင်သူမြတ်များထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးမြို့ မဟာဝိသုတာရာမတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တင်လှူပူဇော်

ဆက်လက်၍ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၏ ဇနီး ဒေါ်ခင်မိမိနှင့် အလှူရှင်များက လည်းကောင်း၊ ငှက်မြတ်နားတော်အား မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်းနှင့် အဖွဲ့ဝင်များကလည်းကောင်း ပန်းရထားပေါ်သို့ ပင့်ဆောင်ပြီး မင်းဘူးမြို့ ဓာတ်တော်ဘုရား ကုသိုလ်ဖြစ် ထီးတော်တင်အကျိုးတော်ဆောင် လူငယ်အဖွဲ့ဖြင့် စေတီတော်မြတ်ကြီးအား တင်လှူပူဇော်ကြသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက စိန်ဖူးတော်ကြီးကို ပန်းရထားပေါ်သို့ ပင့်ဆောင်၍ တက်ရောက် တင်လှူပူဇော်ပြီး ရွှေထီးတော်ကြီး တင်လှူပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးသည်။ (၃၅၇)

ပေါင်မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီမှ ကြီးမှူးကျင်းပသော လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် အမျိုးသမီးများဘဝ လုံခြုံရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၅ ရက်က ကတွန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင် ဒေါ်စန်းစန်းရီက ပညာပေးဟောပြောစဉ်။ (၂၅၅)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့မှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် ရုံးလုပ်ထုံးလုပ်နည်း ငွေစာရင်းထိန်းသိမ်းဆောင်ရွက်နည်း ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၃) ဆင်းပွဲကို ဇူလိုင် ၂၅ ရက်က သန်လျင်မြို့ တိုင်းစည်ပင်ခန်းမ၌ ကျင်းပရာ ပထမဆုရ သန်လျင်စည်ပင်သာယာမှ အငယ်တန်းစာရေး ဒေါ်ဝင်းဝင်းခိုင်အား တိုင်းညွှန်ကြားရေးမှူး ဦးတင်စိုးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)

စုံနံ့သာမြိုင် စာကြည့်အသင်းနှင့် စာကြည့်တိုက် ဖြစ်မြောက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

မြို့သစ် ဇူလိုင် ၂၃

မကွေးတိုင်း မြို့သစ်မြို့နယ် ကိုင်းကျေးရွာဇာတိဖွား စုံနံ့သာမြိုင် ဦးကြော့ အထိမ်းအမှတ် စုံနံ့သာမြိုင်စာကြည့်အသင်းနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၄ ရက်က မြို့သစ်မြို့ လှိုင်နံ့သာဘုရား ရင်ပြင်တော် အာရုံခံတန်ဆောင်း၌ ကျင်းပရာ မြို့ပေါ်ငါးရပ်ကွက်မှ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဥက္ကဋ္ဌဦးတင်ထွန်း(ရွှေကျေး)၊ အတွင်းရေးမှူး ဦးတင်မောင်ဝင်း(မူ/အုပ်)နှင့် အဖွဲ့ဝင် ၂၅ ဦးပါဝင်သော စာကြည့်တိုက်ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး စေတနာရှင် ၁၀ ဦးတို့က စာကြည့်တိုက် ငွေပဒေသာပင် အလှူငွေကျပ် ၅၀၀၀၀ နှင့် မဂ္ဂဇင်း၊ ဂျာနယ်များ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးတင်ထွန်းက လက်ခံယူသည်။

— ဆက်သွယ်လှူဒါန်းနိုင် —

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ်ကြီးကြပ်မှု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ပေါ်ထွန်းလာမည့် စုံနံ့သာမြိုင်စာကြည့်သင်းနှင့် စာကြည့်တိုက် ငွေပဒေသာ ပင်အလှူငွေနှင့် မဂ္ဂဇင်း၊ ဂျာနယ်၊ ပရိဘောဂများ လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် ဥက္ကဋ္ဌ ဦးတင်ထွန်း၊ ရွှေကျေးဆေးလိပ်အလုပ်ရုံ၊ ဈေးရပ်ကွက် မြို့သစ်မြို့ မကွေးတိုင်း ဖုန်း-၀၆၃၊ ၅၀၄၉၃၊ ၅၀၅၁၂၊ လိုင်းခွဲ(၄၆)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကြေးမုံ မြို့နယ်သတင်းများ

ကျေးလက်လမ်း အရိပ်ရပင်စိုက်ပျိုး

ဇူလိုင် ၁၅ ရက်က ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးသိန်းနှင့် ဝန်ထမ်းများ စုပေါင်း၍ ဇီးကုန်း-တာပွန် ကျေးလက် လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးစဉ်။ (မြို့နယ်စည်ပင်)

မကွေးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

မကွေး ဇူလိုင် ၂၃

မကွေးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၀ ရက်က မကွေးခရိုင် ပြန်/ဆက်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ အဖွဲ့နာယက ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးဆန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇောလင်း(မကွေး)က အဖွဲ့လုပ်ငန်း အစီရင်ခံစာကို ဖတ်ကြားပြီး ငွေစာရင်း ရှင်းတမ်းကို ဦးဝေလင်းအောင်က ရှင်းလင်းဖတ်ကြားသည်။ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြပြီး အဖွဲ့မဂ္ဂဇင်းတစ်စောင် ထုတ်ဝေရန် ဆုံးဖြတ်ကြသည်။ (၅၀၄)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဇူလိုင် ၃ ရက်က သံဖြူဇရပ်မြို့ အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဦးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ ကျောင်းနှင့် ဝန်းကျင်တစ်ဝိုက် အရိပ်ရပင်နှင့် ပန်းအလှပင် ၁၀၀၀ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

စာပေဗိမာန် စာကြည့်တိုက်သို့ စာအုပ်မျိုးစုံလှူဒါန်း

မန္တလေး ဇူလိုင် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာကြည့်တိုက်(မန္တလေး)သို့ စာအုပ်မျိုးစုံလှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ အဆင့်မြင့် ရတနာပုံဈေး ဒုတိယထပ်ရှိ စာပေဗိမာန် စာကြည့်တိုက်တွင် ကျင်းပရာ အလှူရှင် မန္တလေးမြို့ အထက(၁၈)မှ အထက်တန်းပြဆရာ ဦးကျော်မြင့်က အင်္ဂလိပ်၊ မြန်မာစာအုပ်မျိုးစုံ အုပ်ရေ ၂၀၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးဝင်းမောင်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (၄၆၉)

နောင်ချို နွေစပါး ကွင်းပိတ်ရိတ်သိမ်း ဆင်းရွှေလီမျိုး တစ်ဧက တင်း ၁၇၀ ထွက်ရှိ

နောင်ချို ဇူလိုင် ၂၅

ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုနှင့် ညောင်ထောက်ကျေးရွာအုပ်စု မြင်းကျထိုးဒေသနှင့် ဆီဆုံကျေးရွာအုပ်စု ပလောင်ချောင်းဒေသတို့တွင် နွေစပါးကွင်းပိတ်ရိတ်သိမ်းပွဲကို ဇူလိုင် ၁၄ ရက်က တစ်ပြိုင်တည်း ကျင်းပသည်။

နောင်ချိုမြို့နယ်တွင် ဆင်းရွှေလီနွေစပါး မျိုးပွားစိုက်ပျိုးခဲ့ရာ ယခုရိတ်သိမ်းသည့် မြင်းကျထိုးဒေသမှ တောင်သူကြီး ဦးဖိုးကျော်၏ လယ်ကွင်းတွင် တစ်ဧကတင်း ၁၇၀ နှင့် ပလောင်ချောင်းဒေသမှ တောင်သူ ဦးကျော်အေးတို့၏ လယ်ကွင်းတွင် တစ်ဧက ၁၆၂တင်း ထွက်ရှိကြောင်း သိရသည်။ (၂၄၂)

စုပေါင်းဆောင်ရွက်

ပဲခူးတိုင်း ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အလုပ်အမှုဆောင်အရာရှိ ဦးစောရွှေနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမိုးဝင်းထိုက်တို့ ဦးဆောင်၍ ဇူလိုင် ၆ ရက်က စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ဝေါမြို့တွင်း လမ်းများ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (၄၅၅)

သမီးဦးရတနာဖွားမြင်ခြင်း

ဖေဖေ **သင်းကိုကို** နှင့် မေမေ **ခင်ဂျိုးဖြူ**တို့၏ ၁၆-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်သောသမီးဦးရတနာ**ဘောဘီခင်ဂျိုးဖြူ**ကျန်းမာ၊ ချမ်းသာ အသက်ရာကျော်ရှည်ပြီး ပျော်ရွှင်ဖွယ် အနာဂတ်များကို ပိုင်ဆိုင်နိုင်ပါစေ။

ဘွားဘွား – **ဒေါ်ဆန်းဆန်းမေ၊ ဒေါ်ခင်ညွန့်**
အန်တီကြီး – **ခင်ဒေါင်းဖြူ (အမက–၁၊ သာကေတ)**
ဦးဦး – **ရဲညွန့်ဇော် (ခေတ္တ – S'pore)**
အန်တီငယ် – **ဦးဟုမ်း – ခင်ဗျိုင်းဖြူ (ခေတ္တ – S'pore)**

သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်းရှိ ရာစုသစ်အရင်းမြစ်ဖွံ့ဖြိုးမှုဌာန (New Century Resource Centre)၌ အောက်ပါအစီအစဉ်အတိုင်း သင်တန်းများ ဖွင့်လှစ်ပါမည်။

၁။ သင်တန်းအမည် – (၁) Power Windows 2/2003 သင်တန်း
(၂) Computerized Accounting 2/2003 သင်တန်း
၂။ သင်တန်းကာလ – (၂)လ
၃။ သင်တန်းဝင်ခွင့်အနိမ့်ဆုံး – အခြေခံပညာအထက်တန်း "က" အဆင့်/တက္ကသိုလ်ဝင် **ပညာအရည်အချင်း** တန်းအောင်မြင်ပြီးသူများ
၄။ သင်တန်းစတင်မည့်ရက် – ၆-၈-၂၀၀၃
၅။ သင်တန်းစတင်လက်ခံမည့်ရက် – ၁-၈-၂၀၀၃
၆။ ဆက်သွယ်ရမည့်လိပ်စာ– ရန်ကုန်တက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

အသေးစိတ်အချက်အလက်များကို သိလိုပါက ရုံးချိန်အတွင်း မော်ကွန်းထိန်းအဆောင်(၁)၊ ကျောင်းသားရေးရာဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဖုန်း – ၅၃၄၃၉၀၊ ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ –၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၃ခုနှစ် တရားမအထွေထွေမှုအမှတ် –၆၁
ကွယ်လွန်သူ ဦးထွန်းရီ၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဒေါ်ငွေးငွေးမြင့် **လျှောက်သူ**

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉–လမ်း၊ အမှတ်(၁၀၉)ပထမထပ်(ဝဲ)နေ ဒေါ်ငွေးငွေးမြင့်က ကွယ်လွန်သူ ဦးထွန်းရီ၏ ဇနီးဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးထွန်းရီမှာကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရလက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ထိုသို့သောလျှောက်ထားကြောင်းကိုအများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးထွန်းရီမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၃ခုနှစ် ဩဂုတ်လ ၁၈ရက်(၁၃၆၅ခုနှစ် ဝါခေါင်လလပြည့်ကျော် ၆ရက်)နေ့တွင် လာရောက်ကြ ရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ငွေးငွေးမြင့်၏လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၃ခုနှစ် ဇူလိုင်လ ၂၄ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးသန့်(ခရိုင်တရားသူကြီး)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့၊ (၂)ရပ်ကွက်၊ မြေစာရင်းအကွက်အမှတ်(၆/စစ်ကုန်ပိုင်း)၊ ဦးပိုင်အမှတ်(၄၉)မှ အလျားXအနံ (50'x20')ရှိ မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်တည်ရှိသော ဘိုကလေးမြို့၊ (၂)ရပ်ကွက်၊ အောင်စကြာဘုရားလမ်း၊ အမှတ်(၄၂)ဟုခေါ်တွင်သည့် (၃)ပင်၊ (၂)ခန်း၊ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း၊ အုတ်တိုင်၊ (၂)ထပ်နေအိမ်အပါအဝင် မြေပေါ်ရှိ သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဦးသန့်ဇင်ဦး–ဒေါ်အေးအေးဝင်းတို့ထံမှ ကျွန်ုပ်၏အမှုသည်ဖြစ်သူက ဝယ်ယူရန် နှစ်ဦးနှစ်ဖက် စကားကမ်းလှမ်းပြောဆိုထားပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာသည့်နေ့မှ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား သက်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

ဦးကိုကိုကြီး B.A (Eco),H.G.P] အထက်တန်းရှေ့နေ (စဉ်–၁၇၆၆၂)
အမှတ်(၈)၊ ဆင်းဇေကရီလမ်း၊ (၅)ရပ်ကွက်၊ ဘိုကလေးမြို့။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ်အလုပ်ရုံအမှတ်(၃) အခြေခံယာဉ်မောင်းသင်တန်းကျောင်း

–အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ်(၁၃၄)ကို၁၄–၈–၂၀၀၃ နေ့တွင် ဖွင့်လှစ်ပါမည်။
–၃၀–၇–၂၀၀၃နေ့တွင် သင်တန်းကြေးများ စတင်လက်ခံပါမည်။
–၁၉၉၃ခုနှစ်မှစ၍ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် သင်ကြားပို့ချပေးပါသည်။
–သင်မောင်းလိုင်စင်"ခ"လိုင်စင်ရရှိရေး ဆောင်ရွက်ပေးသည်။
–သင်တန်းတက်ရောက်ရန်အခက်အခဲရှိသူများတွက် သီးခြားစီစဉ်ပေးသည်။
–နယ်မှသင်တန်းသားများ ဘော်ဒါရှိသည်။

အမှတ်၂၄၀(၅)စက်ဆန်း၊အထက်ပုဇွန်တောင်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
ရုံးချိန်အတွင်း–စုံစမ်းရန်ဖုန်း–၀၁–၂၉၀၃၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

(၁) Servicing Engineer [B.E (သို့) A.G.T.I (သို့) သိပ္ပံဘွဲ့ရ] ကျား(၅)ဦး
အသက် (၃၅)နှစ်အောက် အီလက်ထရောနစ်ပစ္စည်းများ ပြုပြင်နိုင်ပြီး ကွန်ပျူတာ ကျွမ်းကျင်သူ ဖြစ်ရမည်။
(၂) Marketing Executive မ(၅)ဦး
ဘွဲ့ရ (သို့) အနည်းဆုံး (၁၀)တန်းအောင်၊ ရုပ်ရည်သန့်ပြန့် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
(၃) Driver ကျား(၁)ဦး
အသက် (၃၅)မှ (၄၅)နှစ်အတွင်း၊ အတွေ့အကြုံရှိသူ

ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လိုအပ်သောအထောက်အထား စာရွက်စာတမ်းများ၊ လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့် အတူ ရုံးချိန်အတွင်းလူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

Kyaw Zeyar (Panasonic Telecomm)
အမှတ်(၂၅၉/၂၆၃)၊ ဗိုလ်ချုပ်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

နိုင်ငံခြားဥစားကြက်မျိုး

အေးသောဒေသများမှ အထူးအားပေးနှစ်သက်နေသော Layer Blackဥစားကြက်မျိုးကောင်းဖြစ်သည်။ မြန်မာပြည်တွင်ရှိသော Layer Brownဥစားကြက်ထက် အရည်အသွေး အဆင့်အတန်းကဲ့သို့ တစ်ချိန်တွင် လူတိုင်းလက်ခံသွားရမည့် ကြက်မျိုးဖြစ်ပါသည်။ ဥခွံအရည်အသွေးမာ၍ အညိုရင့်ရောင်ရှိပြီး စုစုပေါင်း အလုံး(၃၂၀)ဥရမည်။

မောင်သိန်းမောင်
ဖုန်း–၆၄၁၇၅၉၊ ၆၄၀၂၂၈၊ ၆၄၁၈၃၄။



OD Tour အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးစဉ်

၁။ တောင်ပြုန်း၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ မန္တလေး Aug 6 (၄ည၅ရက်)
၂။ ပုဂံ၊ ပုပ္ပား၊ မကွေး၊ မင်းဘူး၊ Sept 7,11 (၄ည၅ရက်)
ရဲသူအောင် တောင်ကြီး၊ ပုဂံ၊ ညောင်ဦး တို့ မန္တလေး ကားလက်မှတ်များရပြီ။

Japan Style

No.52 ကျွန်းတောလမ်း၊ စမ်းချောင်း ☎ 504808, 537672.

ကျေးဇူးဆပ်ပါမည်

၃၀–၇–၂၀၀၃ ရက်နေ့နံနက်ပိုင်းကမန္တလေးကားကြီးဂိတ်မှဂေါ်ဝိန်ဆိပ်အသွား ရွှေယာဉ်ပျံကားပေါ်တွင် ကြည်ဆွေလာရေယာဉ်နှင့်စီဘီ ၅၈၅/၆၉၃ တို့၏ မူရင်းလိုင်စင်များနှင့်ရေယာဉ်အုပ်ဦးမြင့်ဆွေလက်မှတ်အမှတ် ဆပ–၀၀၅/၈၅နှင့် စက်ခန်းအုပ်ဦးတင်ငြိမ်းလက်မှတ်အမှတ် စမပ–၂၂/၉၀တို့ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ပါ။ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

ဦးကြင်ဝိုင်
ဆက်သွယ်ရန်ဖုန်း: ၀၁–၂၂၂၂၀၃ နှင့် ၀၂–၃၅၇၁၉။

ကားရောင်းမည်

V.W. လိပ်ခုံး
ဖုန်း – ၅၂၆၆၅၆။

အမည်ပြောင်းခြင်း

ဦးချိုဝင်း၏သမီး အထက ချောင်းဆုံမြို့၊ ပဥ္စမတန်း(A)မှ မဖူးပွင့်ဦးအား ယနေ့မှစ၍ မဖူးမို့မို့ထက် ဟု ပြောင်းလဲခေါ်ပါရန်။

မဖူးမို့မို့ထက်။

အမည်ဖြည့်စွက်ခြင်း

ဦးအေးဆွေ၏သား အထက(၁) လသာ အဋ္ဌမတန်း(က)မှ မောင်ကောင်းဝေဖြိုး အား မောင်ကောင်းဝေဖြိုး(ခ)မောင်မိုး မြင့်ထက်ဟု ဖြည့်စွက်ပြောင်းလဲခေါ်ပါရန်။ **မောင်မိုးမြင့်ထက်။**

PP Board ရောင်းရန်ရှိသည်

အဆင့်မြင့် 2mm, 3mm PP Boardများကို အထူးလျှော့ဈေးနှုန်းဖြင့် လက်လီ၊ လက်ကား ရရှိနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ–
အမှတ်(၃၁၀)၊ အခန်း(၀၀၂)၊
မြေညီထပ်၊ ဝင်းရွှေဝါကွန်ဒို၊
အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း–၂၂၆၈၅၀၊ ၂၂၃၆၀၇။

ဆရာဦးသောင်းလွင်၏အဆုတ်နာပျောက်ဆေးကိုမှီဝဲပါ။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်ငွေရှင်+၁	၁၂/လမန(နိုင်)၀၈၅၉၇၈	၁၆၊ ကန်လမ်း၊ ၁၀-ရပ်ကွက်၊ လှိုင်	လှိုင်	၃၂	၁၉	မောင်စော+၁	မြေပုံကူး
၂။	ဒေါ်စိန်မြ	၁၂/လမန(နိုင်)၁၀၅၉၅၃	၅၇၊ ၆မိုင်၊ ပြည်လမ်း၊ ၁၂-ရပ်ကွက်၊ လှိုင်	လှိုင်	၂၉	၁၄/င၇+၁၅/ဇ၂	ဒေါ်ခင်နု+၂	မြေပုံကူး
၃။	ဒေါ်သန်းသန်း	၁၂/မဂတ(နိုင်)၀၂၃၆၆၂	၉၂၊ဒေါ်သိန်းတင်လမ်း၊ကန်တော်ကလေးမြောက်ရပ်ကွက်	မင်္ဂလာတောင်ညွန့်	၁၂ F	V ၄	ဦးမောင်မောင်+၁	မြေပုံကူး
၄။	ဒေါ်ခင်လှဦး	၁၂/တမန(နိုင်)၀၅၀၃၃၄	၁၅၊ ရတနာလမ်း	တာမွေ	၃ A၇	V ၂၁၁	ဒေါ်သန်းတင်	အမည်ပြောင်း
၅။	ဒေါ်တင်တင်အေး	၁၂/မဂတ(နိုင်)၀၃၆၄၇၆	၅၊ ၁၀၆ လမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်	မင်္ဂလာတောင်ညွန့်	၁၁ G	V ၃၄	ဒေါ်ခင်ရီ	အမည်ပြောင်း
၆။	ဦးအောင်ချိုဦး+၁	၁၂/အစန(နိုင်)၁၁၇၆၄၂	၁၅/က၊ အင်းယားရိပ်သာလမ်း	မရမ်းကုန်း	၆၁ ကံဘဲ့	၇/၄	ဦးဇော်မင်း+၁	အမည်ပြောင်း
၇။	ဦးထွန်းညွန့်	၁၂/တမန(နိုင်)၀၄၂၆၇၈	၁၈/က၊ ၁၅၅-လမ်း	တာမွေ	၃ A	၁၁၇	ဦးသိန်းမောင်+၁	အမည်ပြောင်း
၈။	ဒေါ်မာလာထွန်း	၁၂/ကမရ(နိုင်)၀၂၂၅၂၁	၁၄၈၊ အေဝမ်းခြံလမ်း	မရမ်းကုန်း	၄၃ သမိုင်း	၁၃/ခ၁-၈/၁	ဒေါ်ခင်ခင်သွင်	ဂရန်ခွဲ
၉။	ဦးဝင်းမွှေး+၁	၁၂/ရကန(နိုင်)၀၄၀၉၉၀	၂၇၅၊ ဘုရင့်နောင်လမ်း၊ ရွှေပြည်သာ	ရွှေပြည်သာ	ဈ/၁၀	၂၇၅	ဗကမျိုးနိုင်	ဂရန်သစ်
၁၀။	ဦးနိုင်လင်း	၁၂/လမတ(နိုင်)၀၂၉၀၈၇	၁၃၇၊ ၁၃-လမ်း၊ (၁)ရပ်ကွက်	မရမ်းကုန်း	၁	၁၃၇	ဦးထွန်းနု	အမည်ပြောင်း
၁၁။	ဦးလှဝင်း	၁၂/ပဘတ(နိုင်)၀၁၀၉၃၈	၁၂၈၊ ၂၈-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်	သာကေတ	၁၀-မြောက်	၁၂	ဒေါ်တင်တင်မြင့်(ခ)ဒေါ်ဘောဘီ	မြေပုံကူး
၁၂။	ဒေါ်ခင်မာဆွေ	၅/ဗမန(နိုင်)၀၀၀၉၀၀	၈၆၂၊ မဟာဗောဓိလမ်း	မရမ်းကုန်း	၁၃ ကံဘဲ့	၇/က၁	ဒေါ်စန်းစန်းရီ	အမည်ပြောင်း
၁၃။	ဦးဇော်ဝင်းထွန်း	၁၂/ပဘတ(နိုင်)၀၀၉၉၄၁	၅၂၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း	သာကေတ	၁၀-မြောက်	၁၁-က	ဦးစိန်လင်း	မြေပုံကူး
၁၄။	မယုနန္ဒာအောင်	၁၂/ဗတထ(နိုင်)၀၀၂၃၈၆	၆၄/ထ၊ ဧယျာဓမောလမ်း	မရမ်းကုန်း	၃၀ သမိုင်း	၇/က၂	ဗိုလ်မှူးကြီးထွန်းအောင်	အမည်ပြောင်း
၁၅။	ဦးသိန်းဝင်း(ခ)ဦးတင်ဝင်း	၁၂/ပဇတ(နိုင်)၀၀၈၈၃၈	အမှတ်(၂)၊ မောင်းတန်းလမ်း၊ ပုဇွန်တောင်	ပုဇွန်တောင်	၁၁-K၁	၁၁၈	ဒေါ်မိမိကြီး	မြေပုံကူး
၁၆။	ဦးဘွားသီးဒတ်(ချ)	၉/မကန(နိုင်)၀၅၂၀၀၈	B-၂၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်မြို့နယ်	လှိုင်	၃၁	၉၃/ဈ	ဦးဇော်ထွန်း+၂	ဂရန်ခွဲ
၁၇။	ဦးမာမက်အီစမိုင်	၁၂/တမန(နိုင်)၀၀၁၀၆၃	၇၁၊ ၁၆၄-လမ်း	တာမွေ	၃၄ E	၁၁၀	Tan Boon Haung	အမည်ပြောင်း
၁၈။	ဦးအေးရွှေ	၁၂/လမန(နိုင်)၀၉၂၉၄၅	၈၄-က၊ ဗိုလ်ချုပ်လမ်း၊ ရွှေပြည်သာ	ရွှေပြည်သာ	၂၄၊ ၆	၈၄-က	ဦးလှမောင်	မြေပုံကူး
၁၉။	ဒေါ်အေးအေးပိုင်+၁	၁၂/ကမရ(နိုင်)၀၃၇၄၂၇	၁၈၊ မဟာဗောဓိလမ်း	ကမာရွတ်	၈၀	၁၈၅	ဒေါ်ခင်ကြည်+၁	အမည်ပြောင်း
၂၀။	ဦးမောင်ကလေး	၁၂/မဂတ(နိုင်)၀၁၃၈၂၅	၅၂၊ သီရိ(၆)လမ်း၊ အနောက်ကမာရွတ်၊၂-ရပ်ကွက်၊လှိုင်	လှိုင်	၁၂ A	၂၂၆	ဦးတင်ထူး	မြေပုံကူး
၂၁။	ဦးဘတင်	၁၂/တမန(နိုင်)၀၂၂၂၀၆	၅၂၊ သီတာလမ်း	တာမွေ	၄ E	V ၅၁	မသန်းသန်း	မြေပုံကူး

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

အထက(၁)အင်းစိန်မြို့နယ်၊ ဆဋ္ဌမတန်း(K) မှ မအိအိကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ရှင်း [၁၂/ထတပ(နိုင်)၀၅၂၈၈၆]ဖြစ်ပါသည်။

ဦးကျော်ရှင်း။

အမည်ပြောင်းခြင်း

ဦးတင်မောင်ဝင်း၏ သမီး တောင်ငူမြို့၊ နတ်စင်ကုန်း အထက်တန်းကျောင်း ဒသမတန်း(A)မှ မေစပယ်ဝင်း[၇/တငန(နိုင်)၁၄၀၁၃၅]အား မေသင်ဇာဝင်းဟုပြောင်းလဲခေါ်ပါရန်။ **မေသင်ဇာဝင်း။**

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ် အမှတ် လ/၁၀၈၈ လက်ဝယ်ရှိသူမှ မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန (မှုဆယ်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန (မှုဆယ်)။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ
ဒေါက်တာဦးတင်မောင်ထွေး (ရင်ခေါင်းခွဲစိတ်ကုဆရာဝန်ကြီး) – ဒေါက်တာဒေါ်ခင်လှဲ့ယု
တို့၏သားလတ်

မောင်ညီညီအောင်

B.A Hons. Accounting and Finance (Middlesex University, London)
The Association of Chartered Certified Accountants, Graduate (U.K)

နှင့်

ခေတ္တ – ကနေဒါနိုင်ငံ အော်တာဝါမြို့နေ
ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးညွန့်တင် – ဒေါ်မေအောင်မြင့်တို့၏သမီးထွေး

မဇာခြည်တင် B.A(Vesalius College, Belgium)
M.B.A Finance (University of Ottawa, Canada)

တို့သည် ၂၅-၆-၂၀၀၃ရက်တွင် ကနေဒါနိုင်ငံ အော်တာဝါမြို့၌ နှစ်ဖက်သောမိဘများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ညီညီအောင် – မဇာခြည်တင်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော် (၇)လမ်း၊ တိုက်(၁၁)၊ အခန်း(၄၀၃/၄၀၄)နေ ဒုအရာခံဗိုလ်ဝင်းနိုင်(ငြိမ်း) – ဒေါ်ယဉ်ယဉ် တို့၏သားငယ်

မောင်ဌေးလှိုင် 1st Year (Geography) နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာလမ်း၊ ခြံအမှတ်(၁၂)နေ ဗိုလ်မှူးစံအေး(ငြိမ်း) – ဒေါ်ကြည်ကြည်ညွန့် တို့၏သမီးထွေး

မခိုင်စုစံအေး 1st Year Oriential Studies

တို့ကို မိဘတို့ဝတ္တရားရှိသည့်အတိုင်း လက်ထပ်ထိမ်းမြားပြီးစီး၍ မင်္ဂလာဆွမ်းကျွေး ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ဌေးလှိုင် – မခိုင်စုစံအေး။

တောင်ကြီးအသင်း(ရန်ကုန်)
သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

တောင်ကြီးအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ၊ စေတနာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

သို့ဖြစ်ပါ၍ အသင်းဝင်များ၏ အသက်(၇၅)နှစ်နှင့် အထက်ရှိသော မိဘများ၊ ၂၀၀၁-၂၀၀၂၊ ၂၀၀၂-၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးအမည်စာရင်းကို ၁၂-၈-၂၀၀၃ရက်နောက်ဆုံးထား၍ ဒေါ်စဝ်သီတာထွေး-၆၆၂၇၃၂၊ ဦးဉာဏ်ထူး-၅၈၀၁၄၇၊ ဒေါ်စဝ်ညွန့်ကြည်-၆၆၄၄၀၆ ကမ္ဘောဇသာသနာ့ဗိမာန်-၃၈၁၄၃၉သို့ စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	– ၁၇-၈-၂၀၀၃(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	– နံနက် (၉:၀၀)နာရီ
ကျင်းပမည့်နေရာ	– ကမ္ဘောဇသာသနာ့ဗိမာန်၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်း။

အလုပ်အမှုဆောင်အဖွဲ့။

KMD LCCIEB Web Site Design သင်တန်း

Internet ပေါ်မှာ Web Page ... Web Page ...

LCCI ... LCCI ... Certificate ...

Commencing Date : 8 August, 2003 (2:00 to 5:00) Mon to Fri

KMD : 550-552, Merchants Road, Kyauktada Tsp., Ygn. Tel : 249155 / 381035

အလိုရှိသည်
(ပြည်တွင်း၌ခန့်ထားရန်)

လက်ရှိဖွင့်လှစ်နေဆဲဖြစ်သော ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်တွင်းရှိ အထူးကုဆေးခန်းတွင် လစ်လပ်လျက်ရှိသော အထွေထွေရောဂါအထူးကု၊ ကလေးအထူးကု(မ)နှင့် အထွေထွေရောဂါကု(မ) ဆရာဝန်နေရာများတွင် အချိန်ပိုင်းခန့်ထားရန် ဆရာဝန်များ အလိုရှိပါသည်။

အလုပ်လျှောက်ထားသူတွင် အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ဆက်သွယ်ရန်–

ဦးမောင်ဝင်း(ပိုင်ရှင်)[၁၂/ပဇတ(နိုင်)၀၀၀၀၂၅]

အမှတ်(၁၆)၊ ၅၅လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၂၉၃၈၈၃။

ဝန်ထမ်းများ အမြန်အလိုရှိသည်။

1)- Marketing Executive (Female) 2 Posts
2)- Marketing Assistant (Female) 5 Posts
3)- Graphic Designer (Male) 3 Posts
4)- Accountant (Female) 2 Posts
5)- Operation Assistant (Male) 5 Posts
6)- Cleaner (Female) 1 Post

Ace Dragon Co., Ltd.
Media Management & Insurance Services.

BUSINESS CONSULTANCY
ADVERTISING
PRINT / PRODUCTION

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Mild Steel Plate (Black)ဆိုဒ်စုံ	401.53 Tons
2.	Mild Steel Flat ဆိုဒ်စုံ	17.05 Tons
3.	Mild Steel Equal Leg Angle ဆိုဒ်စုံ	6.00 Tons
4.	Mild Steel Channel ဆိုဒ်စုံ	28.00 Tons
5.	Mild Steel Angle ဆိုဒ်စုံ	8.88 Tons
6.	Mild Steel U Channel (၂)မျိုး	5.00 Tons
7.	Mild Steel Angle Iron ဆိုဒ်စုံ	10.83 Tons
8.	U Beam ဆိုဒ်စုံ	5.59 Tons
9.	I Beam 14" x 7" x 5/16"	6.63 Tons
10.	Paint asovted colour & accessories	
11.	Ply Wood, Poly Ply and Formica	
12.	Foam Rubber Cloth Moquette & artifical leather	
13.	Split Pin asorted size	

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၁၁-၈-၂၀၀၃(တနင်္လာ)(၁၂:၀၀)နာရီ

ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် – ၁၁-၈-၂၀၀၃(တနင်္လာ)(၁၄:၀၀)နာရီ

၂။ ချိပ်ပိတ်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၄-၈-၂၀၀၃)နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၄၊ ၆၁၃။



ရုပ်ကျက်မှန်

၃၇၇ ရွှေဂုံတိုင်လမ်း(အထက်) ရန်ကုန်မြို့ ☎ ၂၁၂၉၇၃
၈ မိုင် ... ☎ ၇၀၈၀၁၇

အချိန်မီ

အနာတလွဲ ဆေးတလွဲ ကုသမှုတလွဲဖြစ်ပြီး ဘဝရှုံးတော့မည့်
ဝေဒနာရှင်များကုသနိုင်ရေး
မြန်မာ့တိုင်းရင်းဆေးနှင့် မြန်မာ့နန်းတွင်း
အကြောပြင်ကုထုံးများဖြင့် မနာမကျင်ကုသပေးမည်

လေဖြတ်၊ လေဖြန်း၊ ပန်းသေ၊ ပန်းညိုး၊ လေးဘက်နာ၊ ဂေါက်၊ အကြောသေ၊ အကြောညပ်၊ နှလုံးသွေးတိုး၊ မီးယပ်အမျိုးမျိုး၊ သားသမီးမရသောရောဂါများ အထူးကုသည်။

ဆေးခန်းဖွင့်ချိန်–နံနက် (၈)နာရီမှ မွန်းတည့် (၁၂)နာရီ အထိ မွန်းလွဲ (၁)နာရီမှ ညနေ (၅)နာရီအထိ (ပိတ်ရက်မရှိ)

ဆက်သွယ်ရန်–"ဓိဝိတသုခ တိုင်းရင်းမြန်မာအထူးကုဆေးခန်း"
မြန်မာ့နန်းတွင်းအကြောပညာရှင် ဆရာဦးထွန်းဝင်းနိုင် (တဆ–၀၄၂၁၅)
၁၂၃/၅/၅၊ ဗိုလ်ချုပ်လမ်း၊ ရွှေပြည်သာမြို့၊ ရန်ကုန်၊
ဖုန်း–၆၁၀၂၆၉။

သစ္စာဆေးကုခန်း

နေ့စဉ်(၂၄)နာရီဖွင့်၊ အုတ်ကျင်းကားမှတ်တိုင် ရန်ကုန်–အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဆရာဝန်–ဦးစံသောင်း **M.B.,B.S** ဖုန်း–၆၆၇၀၂၂။

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ် ယ/၈၅၆၉၇ လက်ဝယ်ရှိသူမှ မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

U NYAN WIN
International English Language Centre

LCCI (UK) English for Business or Commerce Level (I, II, III) IELTS ... SAT (UK) ... (prescribed standard of excellence) ... We have proof of credit and distinction.

No. 345, Room 16, Mahabandoola Street, between 39th & 40th Street, Kyauktada, Yangon. Ph : 371586

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု လီမိတက်
National Development Co., Group Ltd.
(NDCG) ၏
အစုရှယ်ယာများ စတင်ရောင်းချခြင်း နှင့် အစုပေါ်အမြတ်ငွေ ထုတ်ပေးခြင်း

National Development Co., Group Ltd.(NDCG) အများပိုင် ကုမ္ပဏီကြီးသည် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ နှင့် အများပြည်သူများပါဝင်ဖွဲ့စည်းထားသော အများပိုင်ကုမ္ပဏီကြီး တစ်ခုဖြစ်ပြီး ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ ဖြန့်ဖြူးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများ၊ စက်မှုဆိုင်ရာစက်ရုံလုပ်ငန်းများ နှင့် အိမ်ရာဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အများပိုင်ကုမ္ပဏီဖြစ်သည့်အားလျော်စွာ အများပြည်သူများအနေဖြင့် (NDCG) သို့ပါဝင်ခွင့်ရရှိနိုင်ရန် သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၆ ၊ ၁၂ ၊ ၁၃)အရအစုရှယ်ယာတစ်စုလျှင်မူလအစုတန်ဖိုး (၁၀၀၀၀ိ/–) နှင့် ပရီမီယံ(၄၀၀၀ိ/–)အပါအဝင် ကျပ်(၁၄၀၀၀)နှုန်းဖြင့် (၃၀.၈.၂၀၀၃)နေ့အထိ **အများပြည်သူများသို့ရောင်းချပေးနေပြီဖြစ်ကြောင်း** နှင့် အစုပေါ်အမြတ်ငွေများကိုလည်း သတ်မှတ်ရက်အတိုင်းလာရောက် ထုတ်ယူကြပါရန် အသိပေးကြေညာအပ်ပါသည်။

မှတ်ချက် ။ ရှယ်ယာဝယ်ယူလိုသူများနိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် အတူမိတ္တူတစ်စောင် ၊ ဓာတ်ပုံ၂ပုံယူဆောင်လာပါရန်။

ဆက်သွယ်ရန်လိပ်စာ–အမှတ်(၃/က)သံသုမာလမ်းနှင့် သုဝဏ္ဏလမ်းဆုံ သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း –၅၆၀၄၅၀ ၅၆၀၄၈၆

ဒါရိုက်တာများအဖွဲ့
National Development Co., Group Ltd.

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

အမှတ်–၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၂၀၀၃ခုနှစ်၊ ဇူလိုင်လ ၃၀ရက်

လျှောက်လွှာခေါ်ယူခြင်း

